[TYPE THE COMPANY NAME]

# အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်

အလွတ်သဘောဘာသာပြန်ဆိုချက်

# မာတိကာ


| | |
|---|---|
| အာဆီယံဒေသတွင်း အမျိုးသမီးများ နှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်း | ၁ |
| ၁။ နောက်ခံအကြောင်းအရာ နှင့် ကျိုးကြောင်းပြချက်များ | ၁၁ |
| အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ACWC) | ၁၂ |
| အာဆီယံ အမျိုးသမီးကော်မတီ (ACW) | ၁၃ |
| ACWC နှင့် ACW ၏ EVAW ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု | ၁၄ |
| ၂။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပုံစံများ | ၁၆ |
| (က) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက် | ၁၆ |
| (ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံများ | ၁၆ |
| ၃။ အာဆီယံဒေသရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြေရှင်း ဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများ | ၁၉ |
| ၄။ EVAWနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များ | ၂၀ |
| (က)အပြည်ပြည်ဆိုင်ရာ တာဝန်ယူဆောင်ရွက်ချက်များ | ၂၀ |
| (ခ)ဒေသတွင်း တာဝန်ယူဆောင်ရွက်ချက်များ | ၂၄ |
| ၅။ အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုအတွက် လမ်းညွှန်ချက် အခြေခံ သဘောတရားများ | ၂၅ |
| (က) လူ့အခွင့်အရေးအခြေပြု နည်းလမ်းများ | ၂၆ |
| (ခ) ကဏ္ဍစုံ၊ နည်းလမ်းစုံဖြင့် ချဉ်းကပ်ခြင်း | ၂၈ |
| (ဂ) သက်သေအခြေပြု နည်းလမ်း | ၂၈ |

(ဃ) အလေးထား ဆောင်ရွက်ခြင်း ၂၉

(င) မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ၂၉

၆။ အချိန်သတ်မှတ်ချက် ၃၀

၇။ မူဝါဒထုတ်ပြန်ချက်နှင့် မူလရည်မှန်းချက် ၃၀

၈။ ရည်မှန်းချက် ၃၀

၉။ အဓိကမဟာဗျူဟာများနှင့် ဆောင်ရွက်ချက်များ ၃၁

လုပ်ဆောင်မှု ၁။ ကြိုတင်တားဆီးကာကွယ်ခြင်း ၃၂

လုပ်ဆောင်မှု ၂။ အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများအတွက် ကာကွယ်
စောင့်ရှောက်မှုနှင့် ထောက်ပံ့ရေးဆိုင်ရာ ဝန်ဆောင်မှုများ ၃၇

လုပ်ဆောင်မှု ၃။ တရားရေး မူဘောင်၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်မှုစနစ် ၃၉

လုပ်ဆောင်မှု ၄။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း ၄၅

လုပ်ဆောင်မှု ၅။ သုတေသနနှင့် အချက်အလက်ကောက်ယူမှု ၄၆

လုပ်ဆောင်မှု ၆။ စီမံအုပ်ချုပ်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှု၊ စောင့်ကြည့်မှု နှင့် အကဲဖြတ်မှု ၄၈

လုပ်ဆောင်မှု ၇။ မိတ်ဖွဲ့မှု နှင့် ပူးပေါင်းဆောင်ရွက်မှု ၅၀

လုပ်ဆောင်မှု ၈။ ပြန်လည်သုံးသပ်မှုနှင့် ဆက်သွယ်မှု ၅၁

# အာဆီယံဒေသတွင်း အမျိုးသမီးများ နှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်း

ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမို ကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖိလစ်ပိုင်၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံစသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအကြီးအကဲများသည် (၂၃) ကြိမ် မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်-

အာဆီယံပဋိညာဉ်စာတမ်းနှင့်အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ (၂၀၀၉-၂၀၁၅) ဆိုင်ရာ ချာအင်း ဟွာဟွင်း(Cha-am Hua Hin) ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အာဆီယံ၏ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ထိန်းသိမ်းခြင်းအား ဖြင့်လည်းကောင်း၊

၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သော ၃၇ ကြိမ်မြောက်အာဆီယံဝန်ကြီး အဆင့်အစည်းအဝေးတွင် လက်ခံခဲ့သည့် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုပပျောက်ရေးကြေညာစာတမ်းတွင် ထင်ဟပ်စေသည့် ၎င်း၏တိုးတက်မှုကို စောင့်ကြည့် စစ်ဆေးရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် အာဆီယံ၏ ရည်မှန်းချက်များနှင့်ကတိကဝတ်များကို ထပ်လောင်းအတည်ပြု၍လည်းကောင်း၊

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သော ၂၁ ကြိမ်မြောက် အာဆီယံ ထိပ်သီး ဆွေးနွေးပွဲတွင် အတည်ပြုခဲ့သည့် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုရာတွင် ထုတ်ပြန်သော ဖနွမ်းပင် ထုတ်ပြန်ချက်၏ အထွေထွေစည်းမျဉ်းများနှင့် အရေးပါမှုများ၊ ၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်နေ့ တွင် ကျင်းပခဲ့သော (၁၈) ကြိမ်မြောက်အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် အတည်ပြုခဲ့သည့်

အရှေ့တောင်အာရှတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အာဆီယံခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်ကို ထင်ဟပ်စေသည့် အာဆီယံ ကတိကဝတ်များ၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် လက်ခံခဲ့သည့် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ် စောင့်ရှောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟနွိုင်းကြေညာစာတမ်း၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော ၁၀ ကြိမ်မြောက် အာဆီယံထိပ်သီး ဆွေးနွေးပွဲတွင် အတည် ပြုခဲ့ သည့် လူကုန်ကူးမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ်လူကုန်ကူးမှု ဆန့် ကျင်ရေး အာဆီယံကြေညာချက်၊ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံ လူမှုဝန်ထမ်းဆိုင်ရာဝန်ကြီးများ၏ (၄) ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ကလေးသူငယ်များဆိုင်ရာ အာဆီယံလုပ်ငန်း အစီအစဉ်နှင့်စပ်လျဉ်းသည့်ဆုံးဖြတ်ချက်၊ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့တွင်ကျင်းပပြု လုပ်ခဲ့သော အာဆီယံ လူမှုဝန်ဆောင်မှုအတွက် တာဝန်ယူရသည့် အာဆီယံဝန်ကြီးများ၏ (၃)ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ကလေးသူငယ်များအတွက် အာဆီယံလုပ်ငန်းစီမံချက်ဆိုင်ရာဆုံးဖြတ်ချက်နှင့် ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၁ ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးတွင် အတည်ပြုခဲ့သည့် အာဆီယံဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြေညာစာတမ်း တို့ကို ထပ်လောင်းအတည်ပြု၍ သော်လည်းကောင်း၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီး များအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ ကတိကဝတ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးကြေညာစာတမ်း၊ ဘေဂျင်း လုပ်ငန်းစီမံချက်၊ BPFA + ၅ မှ ထွက်ပေါ်လာသည့်ရလဒ်များ၊ ကလေးသူငယ်များ

ရှင်သန်ရပ်တည်ရေး၊ ကာကွယ်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်းနှင့် ကလေးသူငယ်များ ရှင်သန်ရပ်တည်ရေး၊ ကာကွယ်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (MDGs)တို့ကို အသိအမှတ် ပြု၍သော်လည်းကောင်း၊

ကုလသမဂ္ဂအထွေထွေညီလာခံ၏ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့်ပတ်သက်သောဆုံးဖြတ်ချက်များ၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ ၁၃၂၅ (၂၀၀၀), ၁၈၂၀ (၂၀၀၈), ၁၈၈၈(၂၀၀၉) နှင့် ၁၈၈၉ (၂၀၀၉) ကို ပြန်လည်ထင်ဟပ်၍ လည်းကောင်း၊

ဒေသအတွင်းရှိ နိုင်ငံရေး၊ လူမှုယဉ်ကျေးမှု၊ ဘာသာရေး၊ ဥပဒေရေးရာနှင့် စီးပွားရေး နောက်ခံတို့ကို ထည့်သွင်းစဉ်းစားထားသော ဒေသဆိုင်ရာနှင့်အမျိုးသားရေး အခင်းအကျင်းများ ကို အလေးထား၍ အာဆီယံအတွင်းရှိအမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ပေးရန်အတွက် အာဆီယံအမျိုးသမီးနှင့် ကလေး သူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်၏ လုပ်ငန်း စီမံချက်(၂၀၁၂-၂၀၁၆)နှင့် သတ်မှတ်လုပ်ငန်း တာဝန်များ လက်ခံကြိုဆို၍ လည်းကောင်း၊

လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်ကိုမြှင့်တင်ကာကွယ်ရန်၊ အမျိုးသားများနှင့် အမျိုးသမီး များအတွက် တရားသေသတ်မှတ်ထားသော အခန်းကဏ္ဍ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှိမ့်ကျမှု (သို့) သာလွန်မှုစသည့်အတွေးအခေါ်များအပေါ် အခြေခံထားသော အလေ့အကျင့်များ အားလုံးနှင့် အခြေအမြစ်မရှိသော အစွဲအလမ်းများနှင့် ဓလေ့ထုံးတမ်းများ ပပျောက်စေရန် အတွက် အမျိုးသားနှင့်အမျိုးသမီးများ၏ လူမှုရေးနှင့် ယဉ်ကျေးမှု အပြုအမူပုံစံများကိုပြုပြင်ရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများက သင့်လျော်စွာဆောင်ရွက်မည်ကို အသိအမှတ်ပြု၍သော် လည်းကောင်း၊

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်များ၊ မသန်စွမ်းအမျိုးသမီးများနှင့် ကလေးငယ်များ၊ HIV and AIDS ခံစား နေရသော အမျိုးသမီးများနှင့် ကလေးငယ်များ၊ ဥပဒေနှင့်ဆန့်ကျင်သော အမျိုးသမီးများ နှင့် ကလေးများ၊ ဆိုက်ဘာအသုံးပြု ညစ်ညမ်းဓါတ်ပုံများနှင့် ပြည့်တန်ဆာလုပ်ငန်းများနှင့် လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်များ၊ သဘာဝဘေးအန္တရာယ်ခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်များ၊ လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်များ၊ ပြန်လည်လက်ခံရေးစခန်းများမှ အမျိုးသမီးများနှင့် ကလေးငယ်များ၊ နိုင်ငံမဲ့ အမျိုးသမီးများနှင့်ကလေးငယ်များ၊ ရွှေ့ပြောင်း အမျိုးသမီးများနှင့်ကလေးငယ်များ၊ လူနည်းစုတိုင်းရင်းသား အမျိုးသမီးများနှင့် ကလေးငယ်များ၊ အရွယ်မတိုင်မီ အိမ်ထောင်ချပေးခြင်းခံရသည့် ကလေးငယ်များ၊ ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရသည့် ကလေးငယ်များ၊ social media နှင့် လူအများကြားတွင် အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်းခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်များစသည့် ထိခိုက်လွယ်သည့် အခြေအနေတွင်ရှိသည့် အမျိုးသမီးများနှင့်ကလေးငယ်များ အပေါ် အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းစသည့် အကြမ်းဖက်မှုနည်းမျိုးစုံကို တုံ့ပြန်ကာကွယ်ပေးရန်နှင့် အမျိုးသမီးများနှင့်ကလေးသူငယ် အခွင့်အရေးများကိုမြှင့်တင်ရန် အတွက် အာဆီယံနိုင်ငံများ၏ အားထုတ်မှုမှာ အရေးကြီးကြောင်း အသိအမှတ်ပြု၍ သော်လည်းကောင်း၊

ကျားမ ဘက်လိုက်မှုများ၊ ခွဲခြားဆက်ဆံမှုနှင့် အန္တရာယ်ရှိသည့် ဓလေ့ထုံးတမ်း အစဉ်အလာများ၏ ရလဒ်များအနေဖြင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် ကလေးသူငယ် များ အပေါ် အကြမ်းဖက်မှုတို့သည် အိမ်၊ ကျောင်း၊ အလုပ်ခွင်၊ လူမြင်ကွင်း (သို့) စိတ်ကွယ်ရာ နေရာ (ဆိုက်ဘာအပါအဝင်)စသည့် မည့်သည့်နေရာတွင်မဆို ဖြစ်ပွားလျက်ရှိကြောင်းနှင့် လူ့အခွင့်အရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံလွတ်လပ်ခွင့်များအပေါ် ဖြစ် ပွားစေသည့် အဟန့်အတားများကို ပပျောက်စေရန်အတွက် အသိအမှတ်ပြု၍သော်လည်းကောင်း၊

မိဘများအနေဖြင့် မိမိတို့၏ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်တာဝန်ဝတ္တရားရှိ၍ ကလေးသူငယ်များအတွက် အထူးအကာအကွယ်ပေးမှုနှင့် ပြုစုစောင့်ရှောက်မှုရရှိစေရေးစသည့် အခွင့်အရေးသည် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ခြားနားပါကြောင်း၊ ကလေးများအားအကြမ်းဖက်မှု၊ အလွဲသုံးစားမှု၊ ညှဉ်းပန်းနှိပ်စက်မှုကို ကာကွယ်ရန်နှင့် ဤအားထုတ်မှုတွင် မိဘများကို ကူညီပံ့ပိုးရန် အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများဖြစ်ကြောင်းကို အလေးပေးပြောကြား၍သော် လည်းကောင်း၊

အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်းအား ကြေညာအပ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အာဆီယံဒေသအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများကို ပပျောက်စေရန်အတွက် အောက်ပါလုပ်ငန်းများဖြင့် ဆောင်ရွက်သွားရန် အားလုံးသဘောတူညီသည့် ဆုံးဖြတ်ချက်အား ဖော်ပြအပ်ပါသည်–

၁။ အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများကို ပပျောက်စေရန်နှင့် ရှင်သန်ကျန်ရစ်သူများကို အကာအကွယ်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း၊ ပညာရေးနှင့်သင်တန်းများပေးခြင်း၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းများကို လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံအဆင့်ဥပဒေများကို ခိုင်မာစေခြင်း၊ ပြဋ္ဌာန်းခြင်း (သို့) ပြင်ဆင်ခြင်း

၂။ အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ရန်နှင့် ပပျောက်စေရန်၊ အချိန်သတ်မှတ်ဆောင်ရွက်ခြင်း၊ လုံလောက်သည့် အရင်းအမြစ်များရှိခြင်းနှင့် ကျားမရေးရာ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်နှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့ဖြင့် နိုင်ငံအဆင့်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် အစီအစဉ်များတွင် အကြမ်းဖက်ခံရသူများကို ကာကွယ်ကူညီစောင့်ရှောက်ရန်အတွက် ဥပဒေများ၊ မူဝါဒ

များနှင့် လုပ်ငန်းစီမံချက်များ ထည့်သွင်းဆောင်ရွက်ခြင်း

၃။ အောက်ပါတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်ရန် ဘက်စုံပါဝင်၍ စည်းကမ်းပြည့်ဝသော နည်းလမ်းတစ်ခုကို ခိုင်မာအောင်လုပ်ဆောင်ခြင်းနှင့် ထိရောက်သည့် ဥပဒေများ၊ ဥပဒေပြုခြင်းများ၊ မူဝါဒများနှင့် စီမံချက်များပါဝင်သည့် နယ်ပယ်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများကို ဖယ်ရှားနိုင်ရန်အတွက် ကျား၊ မရေးရာ တုံ့ပြန် ဆောင်ရွက်မှု၊ ကလေးသူငယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုနှင့် အသက်အရွယ်အလိုက် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်သည့်နည်းလမ်းကို ချမှတ်ဆောင်ရွက်ခြင်း

- စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ အပြစ်ပေးခြင်းနှင့် သင့်လျော်သည့် နည်းလမ်းဖြင့် ပြစ်မှုကျူးလွန်သူများကို ပြန်လည်ထူထောင်ပေးခြင်း
- အမျိုးသမီးများနှင့် ကလေးသူငယ်ရှင်သန်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများကို ကာကွယ်ပေးခြင်း
- ပြည်သူလူထုအကြား အကြံပြုဆွေးနွေးခြင်းနှင့် အပြန်အလှန်ထောက်ပံ့ပေးမှုယန္တရားများ၊ ပြန်လည်ထူထောင်ပေးခြင်း၊ ပြန်လည်ကောင်းမွန်လာအောင် လုပ်ဆောင်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းများအပါအဝင် တရားမျှတမှု၊ ဥပဒဆိုင်ရာ အကူအညီ၊ ကာကွယ်ပေးမှု၊ လူမှုဝန်ဆောင်မှုများ၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှု များကို လက်လှမ်းမီစေရန် ရှင်သန်ကျန်ရစ်သူများအား ဆောင်ရွက်ပေးခြင်းနှင့် ရှင်သန်ကျန်ရစ်သူများကို သင့်လျော်စွာ ထောက်ပံ့ပေးရန် မိသားစုအစီအစဉ်များအတွက် ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားခြင်း၊
- အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် အသက်မွေးဝမ်း ကျောင်းသင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးခြင်းနှင့် တိုးမြှင့် ဆောင်ရွက်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေးနှင့် အခြားအခြေခံလူမှုရေး

အလွတ်ဘာသာပြန်ချက်

ဝန်ဆောင်မှုများ လက်လှမ်းမီခြင်းကဲ့သို့ လုပ်ငန်းအစီအစဉ်အမျိုးမျိုးမှတဆင့် အမျိုးသမီးများနှင့်ကလေးငယ်များကို မည်သည့် အကြမ်းဖက်မှုပုံစံဖြင့်မဆို ထပ်မံ အကြမ်းဖက်ခံရခြင်းမှ ကြိုတင်ကာကွယ်ရေးနှင့် မည်သည့်နေရာတွင်မဆို အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး အသိပညာပေးခြင်း၊

- အကြမ်းဖက်မှုကို တားဆီးကာကွယ်ရေးတွင် အများပြည်သူမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးရေးအတွက် မိသားစုများသို့ အထောက်အပံ့ ဝန်ဆောင်မှု၊ ကလေးပြုစုပျိုးထောင်မှုပညာရပ်၊ ပညာရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် ၎င်းတို့အပေါ် အကြမ်းဖက်ရခြင်း၏ သဘောသဘာဝနှင့် အခြေခံအကြောင်းတရားများကို ပြည်သူလူထုသို့ အသိ ပညာပေးခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခြင်း၊
- အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုတားဆီး ကာကွယ်ရေး တွင် အကြမ်းဖက်ခံရသူများအပါအဝင် အမျိုးသမီးများနှင့်ကလေးသူငယ်များ အတွက် သင့်တော်သောပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်း၊
- ကျား၊ မ တရားသေအယူအဆများ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုကို ဖြစ်ပွားစေသည့် အန္တရာယ် ရှိသော အလေ့အကျင့်များကို တားဆီးရေးအတွက် ထိရောက်သော မူဝါဒများကို ရေးဆွဲချ မှတ်ခြင်း၊

၄။ CEDAW ၊ CRC နှင့် အခြားသောသဘောတူစာချုပ်များ၏ တွေ့ရှိချက်နှင့်အကြံပြုချက်များ အပေါ်အကောင်အထည်ဖော်မှုအပြင် အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက် မှုပုံစံအားလုံးကို တားဆီးပပျောက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ ၏ ကမ္ဘာ့နိုင်ငံအားလုံး၏လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR)

အောက်ရှိ လက်ခံထားသည့်အကြံပြုချက်များကို ဆောင်ရွက်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းများတွင် လိုအပ်ပါက ACWC နှင့် အခြားဆက်စပ်ပါဝင်ပတ်သက်သူများ၏ အကူအညီဖြင့် လက်ရှိအမျိုးသားအဆင့်လုပ်ငန်း ယန္တရားအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

၅။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများနှင့်ကလေးသူငယ်များအတွက် ကျား၊ မရေးရာ တုံ့ပြန်ဆောင်ရွက်ပြီး ကလေးသူငယ်များအား အလေးထားသည့် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ငန်းအစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ရန် တရားဥပဒေစိုးမိုးရေးအရာရှိများ၊ မူဝါဒချမှတ်သူများ၊ လူမှုဝန်ထမ်းသမားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

၆။ ဒေသတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းများကို တားဆီးကာကွယ်ပြီး အကြမ်းဖက်ခံရသူများကို ပိုမိုကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်မှုများ ရရှိစေရေးအတွက် ဥပဒေများ၊ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ ချမှတ်အကောင်အထည်ဖော်ရာတွင် ပံ့ပိုးနိုင်ရန် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် နည်းမျိုး စုံဖြင့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ လျှို့ဝှက်ထိန်းသိမ်းဆောင်ရွက်သည့် သုတေသနနှင့် ကိန်း ဂဏန်း အချက်အလက်များ စုဆောင်း၍ ခွဲခြမ်းစိတ်ဖြာခြင်းကို အားပေးတိုက်တွန်းခြင်း၊

၇။ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ကျွမ်းကျင်ပညာရှင်များ၊ လူမှုဝန်ထမ်း သမားများနှင့် ဝန်ဆောင်မှုပံ့ပိုးသူများအကြား အလေ့အကျင့်ကောင်းများ မြှင့်တင်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်းကိုဆောင်ရွက်ရန် လူမှုဝန်ဆောင်မှုများဆိုင်ရာ ACWC ကွန်ရက်တစ်ခု တည်ထောင်ခြင်းဖြင့် အာဆီယံဒေသတွင်း အကြမ်းဖက်ခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များနှင့် ၎င်းတို့မိသားစုဝင်များကို လူမှုရေးဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေး နိုင်သည့် ပြဋ္ဌာန်းချက်များကို ခိုင်မာစေခြင်း၊

၈။ အကြမ်းဖက်ခံရသူများကို ကူညီရန်အလို့ငှာ အရင်းအမြစ်များကို စုစည်းရန်နှင့် အာဆီယံ ဒေသရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများကို ပပျောက်စေ ခြင်း

ဆိုင်ရာလုပ်ငန်းများတွင် အာဆီယံအပြန်အလှန်ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသူများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပရဟိတလုပ်ငန်းလုပ်ကိုင်သူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဆင့်၊ အာဆီယံဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင် ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ခိုင်မာစေခြင်း၊

ကျွန်ုပ်တို့သည် အာဆီယံအဖွဲ့အစည်းများ အထူးသဖြင့် ACWC အနေဖြင့် အာဆီယံကြေညာစာတမ်းအား အကောင်အထည်ဖော်မှုကို မြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ထောက်ပံ့ပေးခြင်းဖြင့် သင့်လျော်သည့် လုပ်ငန်းများမှတစ်ဆင့် ၎င်းတို့၏ တိုးတက်မှုများကို ပြန်လည်ဆန်းစစ်ရန် တာဝန်ရှိပါသည်။

ဤစာတမ်း၏ မူရင်းစာစောင်ကို ၂၀၁၃ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် အင်္ဂလိပ်ဘာသာဖြင့် ချမှတ်အတည်ပြုခဲ့ပါသည်။

အလွတ်သဘောဘာသာပြန်ဆိုချက်

# အပိုင်း (၁)

## အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်

အလွတ်သဘောဘာသာပြန်ဆိုချက်

## ၁။ နောက်ခံအကြောင်းအရာ နှင့် ကျိုးကြောင်းပြချက်များ

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (VAW) သည် အမျိုးသမီးများအပေါ် ခွဲခြား ဆက်ဆံမှု ပုံစံဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ရပ်ဖြစ်သည်။ ဤလုပ်ရပ်သည် အမျိုးသမီးများနှင့် အမျိုးသားများအကြား သမိုင်းကြောင်းအရနှင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ လုပ်ပိုင်ခွင့်အာဏာ မတူညီမှုနှင့် တန်းတူညီမျှမှု မရှိခြင်း တို့၏ ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။ ထိုအကြမ်းဖက်မှုများသည် နိုင်ငံအားလုံးတွင် ဖြစ်ပွါး လျက်ရှိကာ အကြမ်းဖက်ခံရသူ၏ အများ ပြည်သူ ဘဝ၌ဖြစ်စေ ကိုယ်ရေးကိုယ်တာဘဝ၌ဖြစ်စေ အကျိုးသက်ရောက်မှုများရှိသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်းဖြစ်ပြီး အမျိုးသမီးများမှ အရင်းအမြစ်များ သုံးစွဲခွင့်နှင့် ပိုင်ဆိုင်ခွင့်များအား စီမံခွင့်နှင့် ၎င်းတို့၏ ဖြစ်နိုင်ချေရှိသည့် အပြည့်အဝဖွံ့ဖြိုးတိုးတက်မှုများအား ဟန့်တားနေသောကြောင့် အမျိုးသမီးများ၏ အခြေခံလွတ်လပ်ခွင့်များအားလည်း ကန့်သတ်ထားသည်။ ထို့ကြောင့် ၎င်းသည် ရပ်ရွာ ဒေသများနှင့် နိုင်ငံများ၏ လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်များအားရရှိ စေရန် အတားအဆီးတစ်ခုဖြစ်နေသည်။

ဘေဂျင်းလုပ်ငန်းစီမံချက်အားချမှတ်အကောင်အထည်ဖော်ပြီး အနှစ်နှစ်ဆယ်ကြာတွင် ပင်လျှင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက် ခံရမှုနှုန်းများတွင် အနည်းငယ်သော တိုးတက်မှုများသာရှိခဲ့ပါသည်။ ထို့ကြောင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ(AMS)အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအား အရေး တကြီး ဦးစား ပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS) အနေဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးများ နှင့်

ကလေးသူငယ်များ အပေါ်အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကြေညာချက်အား ကျင့်သုံးရာတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုအား ကာကွယ်တုံ့ပြန်ရန်အတွက် သင့်လျော်သည့်နည်းလမ်းအားလုံးကို ကတိပြုဆောင်ရွက်ခဲ့ ပါသည်။ ထိုကြေညာချက်အား အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အာဆီယံ ဒေသဆိုင်ရာ လုပ်ငန်းစီမံချက် (RPA) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ(AMS)၏ ကတိပေး လုပ်ဆောင်နေမှုအား ပြသခြင်းဖြစ်သကဲ့သို့ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းပါ အကြောင်းအရာနှင့် ညီညွတ်ပြီး အာဆီယံလူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း အတည်ပြုရာတွင် ထုတ်ပြန်သော ဖနွမ်းပင် ထုတ်ပြန်ချက်နှင့်လည်း ကိုက်ညီမှုရှိပါသည်။ ယင်းသည် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ACWC) နှင့် အာဆီယံအမျိုးသမီးကော်မတီ(ACW) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ၎င်းတို့၏ သက်ဆိုင်ရာ စည်းမျဉ်းကိုးကားချက်များနှင့် လုပ်ငန်းစဉ်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။

**အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ACWC)**

ACWCသည် အာဆီယံဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ယန္တရားတစ်ခုဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများပါဝင်သည့် ကော်မရှင်တစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့အစည်း၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ၎င်းကော်မရှင်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်နှစ်ဦးပါဝင်ပြီး တစ်ဦးမှာ အမျိုးသမီးအခွင့်အရေးအတွက် ဖြစ်ပြီး ကျန်တစ်ဦးမှာ ကလေးသူငယ် အခွင့်အရေးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် ကော်မရှင်တွင် ကိုယ်စားလှယ် (၂၀)ဦးပါဝင် ဖွဲ့စည်းထားပါသည်။ ACWC ၏ လုပ်ငန်းတာဝန်နှင့် ပြဋ္ဌာန်းချက်မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လက်မှတ်ရေး ထိုးထား သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ

ကွန်ဗင်းရှင်း(CEDAW) (၁၉၇၉)နှင့် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRC)အပေါ်တွင် အခြေခံထားသည့် အာဆီယံဒေသတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအား တိုးမြှင့်ရေးနှင့် ကာကွယ်ရေးတို့ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (EVAW) နှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေး (EVAC) တို့သည် ၂၀၁၂ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာ၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် ACWC အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ACWC လုပ်ငန်းစီမံချက် (၂၀၁၂ -၂၀၁၆)တွင် ပါဝင်သည့် ဦးစားပေး နယ်ပယ်များဖြစ်ပါသည်။

## အာဆီယံ အမျိုးသမီးကော်မတီ (ACW)

(၁၉၇၆) ခုနှစ်တွင် အာဆီယံအမျိုးသမီးကော်မတီ(ACW)ကို အာဆီယံ၏ ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့ပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း အမျိုးသမီးဆိုင်ရာ အဓိကဦးစားပေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအား အကောင်အထည်ဖော်ရန်၊ ညှိနှိုင်းမှုများဆောင်ရွက်ရန်နှင့် စောင့်ကြည့်ရန် ဖြစ်သည်။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ လူနည်းစုများ ( sexual minorities)တို့သည် ၂၀၁၁-၂၀၁၅ ACW လုပ်ငန်းစီမံချက်တွင် ဦးစားပေးလုပ်ငန်းအဖြစ် ဖော်ပြထားပါသည်။ ၎င်း စီမံချက်တွင် အမျိုးသမီးများအား အလေးမထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများဖြစ်စေသည့် ကျား၊ မရေးရာ လုပ်ပိုင်ခွင့်အာဏာ ဆက်နွယ်မှုများနှင့် ခိုင်မာစွာ အမြစ်တွယ်နေသည့် ကျား၊ မဆိုင်ရာ သဘောထားအမြင်များနှင့် ရှုထောင့်များ ဆက်လက်တည်ရှိနေခြင်းနှင့် ကောင်းမွန် လုံလောက်စွာသဘောပေါက်နားလည်မှု မရှိမှုများကြောင့် အဟန့်အတားများကြုံတွေ့နေရခြင်းကို အကြမ်းဖက်မှုများအား ဖြေရှင်းရာတွင် အဓိက စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဖော်ပြထားပါ သည်။ ထို့အပြင် ၎င်းတွင် တိုင်းရင်းသား လူနည်းစုများ/ ဒေသခံအမျိုးသမီးများ၊ မသန်စွမ်း

အမျိုးသမီးများ နှင့် မတူကွဲပြားသော အုပ်စုများမှ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများသည် စိုးရိမ်ဖွယ်ရာ အနေဖြင့် တိုးမြင့်လာကြောင်း အလေးပေး ဖော်ပြထားပါသည်။

**ACWC နှင့် ACW ၏ EVAW ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု**

ACWC နှင့် ACW ၏ လုပ်ပိုင်ခွင့်နယ်ပယ်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ရာတွင် ၎င်းတို့အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ /စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ACWC ၏ ၂၀၁၂-၂၀၁၆ လုပ်ငန်းစီမံချက်အရ ACWC သည် ၁) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ အမျိုးသမီးများနှင့် ကလေးများအတွက် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ တိုးမြှင့် ရန်အတွက် အာဆီယံဒေသတွင်းရှိ CEDAW နှင့် CRCဆိုင်ရာ အကောင်အထည် ဖော် ဆောင်ရွက်မှုများဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲပြီးနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀-၂၂တွင် CEDAW နှင့် CRC ၏ Concluding Observations တွင် မိန်းကလေးငယ် ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သောအများအားဖြင့်တွေ့ရလေ့ရှိသည့်ကိစ္စရပ်များအား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အာဆီယံ အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေး မြှင့်တင်ရေးဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို တစ်ဆက်တည်း ဆွေးနွေးခဲ့ကြ ပါသည်။ ၂) ၂၀၁၄ခုနှစ်တွင် မလေးရှားနိုင်ငံမှဦးဆောင်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက် ရေးနှင့် ကလေးငယ်များအား အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အာဆီယံ အလေ့အကျင့် ကောင်းများအား ထုတ်ဝေခဲ့သည်။ (၃) ထိုင်းနိုင်ငံမှ ဦးဆောင်၍ မတူကွဲပြားသော သတင်းပေးလိုသည့် အကြောင်းအရာများအပေါ် အခြေခံကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးအတွက် အများပြည်သူများပါဝင်သည့် လူထုလှုပ်ရှားမှုတစ်ခုအား နှစ်စဉ် ကျင်းပခဲ့ပါသည်။ (၄) ၂၀၁၄ခုနှစ် ၊ ဖေဖော်ဝါရီလ ၃-၅ရက်နေ့၌ ဘရူနိုင်းနိုင်ငံ၊

ဒါရူဆလမ်မြို့တော်ရှိ ဘန်ဒါဆရီဘီဂါဝန်တွင် လူကုန်ကူးခံရသည့် အမျိုးသမီးများအတွက် တရားဥပဒေလက်လှမ်းမီတိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ (၅) ၂၀၁၄ခုနှစ် ဧပြီလ ၈-၁၀ ရက် စင်္ကာပူနိုင်ငံတွင် အာဆီယံ လူမှုဝန်ထမ်းသမားများအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ဆောင်ရွက်ခဲ့သည်။ (၆) ဘရူနိုင်း ဒါရူဆလမ်နိုင်ငံမှ ဦးဆောင်ကာ လူကုန်ကူးခံရသည့် အမျိုးသမီးများ ဝန်ဆောင်မှုပေးခြင်းအတွက် ကျား၊ မရေးရာ အလေးပေးသည့် လမ်းညွှန်ချက်များကို ရေးဆွဲခဲ့ပါ သည်။ (၇)၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၃-၁၄ ရက်နေ့တွင် မနီလာမြို့၌ အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ပိုမိုကောင်းမွန်လာစေရန်အတွက် အာဆီယံဒေသတွင်း အဆင့်မြင့်အရာရှိ ညီလာခံကို ကျင်းပခဲ့သည်။ ACWCအနေဖြင့် ဆိုက်ဘာမှတဆင့် အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပွားစေသည့် ရိုးရာဓလေ့များအပါအဝင် EVAW နှင့် ပတ်သက်သည့် ဥပဒေ ပြဌာန်းချက်များအား ပြန်လည်သုံးသပ်ရန်လည်း အဆိုပြုခဲ့ကြသည်။ ထို့အပြင် လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးများအား စီမံခန့်ခွဲခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဒေသတွင်းပြန်လည်သုံးသပ်မှုများ စတင်ဆောင်ရွက်ခဲ့ကြသည်။

ACW ၏ လုပ်ငန်းစဉ် ၂၀၁၁ – ၂၀၁၅ အရ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၁၅-၁၆ ရက်တွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်နိုင်ရန် ဖိလစ်ပိုင်နိုင်ငံ၊မနီလာမြို့တွင် ACW သည် အမျိုးသားများ၊ လူငယ်များ၊ HIV & AIDS ကွန်ရက်များ နှင့် ဒေသတွင်းညီလာခံကျင်းပခဲ့သည်။ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၆-၉ ရက် တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ အာဆီယံ ဒေသ တွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ စာရင်းကိန်းဂဏန်းများအား ကောက်ယူနိုင်ရန် အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းရည်များ ပိုမိုကောင်းမွန်လာစေရန် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၃-၁၄ ရက်တွင် မနီလာမြို့၌

အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအား ကာကွယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးများ ပိုမိုကောင်းမွန်လာစေရန်အတွက် အာဆီယံဒေသတွင်း အဆင့်မြင့်အရာရှိ ညီလာခံကို ကျင်းပခဲ့ပါသည်။ အမျိုးသမီးများအား ပုံသေကားကျရှုမြင်မှုနှင့် ကျား၊ မခွဲခြားမှုဆိုင်ရာ ဘာသာစကားများကို ပပျောက်ရေးအတွက် ကျား၊ မရေးရာ ကျောင်းသင်ခန်းစာ ဖော်ဆောင် ရေးဆိုင်ရာ ဒေသတွင်းညီလာခံကို စတင်ပြု လုပ်ခဲ့သည်။

## ၂။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပုံစံများ

### (က) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ဘေဂျင်းလုပ်ငန်း စီမံချက် (၁၉၉၅) အရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုသည်မှာ "အမျိုးသမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်း သို့မဟုတ် ခံစားစေခြင်း၊ ထိုသို့ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း သို့မဟုတ် အခြားသော လွတ်လပ်ခွင့်အား မတရားသဖြင့် ပိတ်ပင်တားမြစ်ခြင်းများအား အများပြည်သူရှေ့၌ဖြစ်စေ ကိုယ်ရေး ကိုယ်တာ အခြေအနေများ၌ဖြစ်စေ ဖြစ်ပွားသော သို့မဟုတ် ဖြစ်ပွားနိုင်ဖွယ်ရှိသော ကျား-မအခြေပြု အကြမ်းဖက်မှုလုပ်ရပ်အားလုံးကို ဆိုလိုသည်။"

### (ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံများ

အောက်ပါအချက်များသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအဖြစ် အကျုံးဝင်သော်လည်း အဆိုပါ အချက်များသာ ခြုံငုံပါဝင်သည်ဟု မကန့်သတ်ထားပေ။

က) ရုပ်ပိုင်းဆိုင်ရာ[1] လိင်ပိုင်းဆိုင်ရာ[2]၊ စိတ်ပိုင်းဆိုင်ရာ[3] နှင့် စီးပွားရေးဆိုင်ရာ[4]

---

[1] **ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** ဆိုသည်မှာ ရည်ရွယ်ချက်ဖြင့် ကိုယ်ထိလက်ရောက်အားသုံးကာ သေဆုံးစေခြင်း၊ မသန်စွမ်းမှုဖြစ်စေခြင်း၊ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်းကို ဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် ကုတ်ခြစ်ခြင်း၊ တွန်းထုတ်ခြင်း၊ တွန်းဖယ်ခြင်း၊ ပစ်ပေါက်ခြင်း၊ ဖမ်းဆုပ်ခြင်း၊ ကိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ လှုပ်ခါခြင်း၊ ပါးရိုက်ခြင်း၊ ထိုးကြိတ်ခြင်း၊ မီးရှို့ခြင်း၊ လက်နက်အသုံးပြုခြင်း၊ အခြားသူတစ်ဦးအား ချုပ်နှောင်နိုင်သော ပစ္စည်းများ သို့မဟုတ် ခန္ဓာကိုယ်၊ အရွယ်အစား သို့မဟုတ် ခွန်အားကို အသုံးပြုခြင်းတို့ ပါဝင်ပြီး

အကြမ်းဖက်မှုများသည် မိသားစုများအတွင်း ဖြစ်ပွားလျက်ရှိပြီး အခြေခံအရင်းအမြစ်များ အပေါ် မိတ်ဖက်၏ထိန်းချုပ်မှုကို ငြင်းပယ်ခြင်း၊ ရိုက်နှက်ခြင်း၊ အိမ်ထောင်စုအတွင်းရှိ သမီးမိန်းကလေးများအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၊ အိမ်ထောင်ဖက်အပေါ် အလိုမတူပဲဆက်ဆံခြင်း၊ လက်ထပ်မည့် ယောကျ်ားကို ပေးရသည့် လက်ထက်ကုန်ကျငွေ (သို့မဟုတ်) ပစ္စည်းအကြမ်းဖက်ခြင်း၊ အမျိုးသမီးလိင်အင်္ဂါ ဖြတ်တောက်ခြင်းနှင့် အမျိုးသမီးများအတွက် ထိခိုက်နစ်နာစေသော အခြားရိုးရာ အလေ့အကျင့်များ၊ အတူနေအိမ်ထောင်ဖက်မှ မဟုတ်သည့် အကြမ်းဖက်မှုများနှင့် ခေါင်းပုံဖြတ်ခြင်း၊ ကိုယ်ကျိုး အမြတ်ထုတ်ခြင်းနှင့် ပတ်သတ်သော အကြမ်းဖက်မှုများ အစရှိသည် တို့ဖြစ်သည်။

ခ) ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ရပ်ရွာများတွင် ဖြစ်ပွားနေပြီး လုပ်ငန်းခွင်၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား သော နေရာများတွင် ဖြစ်ပေါ်သော အဓမ္မပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစား ပြုလုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ၊ အမျိုးသမီး များအား လူကုန်ကူးခြင်းနှင့် အလိုမတူ ပြည့်တန်ဆာလုပ်ခိုင်းစေခြင်း အစရှိသည်တို့ ဖြစ်သည်။

---

ငင်းတို့သာပါဝင်သည်ဟု ကန့်သတ်မထားချေ။ (ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (CDC)၊ ၂၀၁၅)

[2] **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** ဆိုသည်မှာ မည်သည့်အခြေအနေတွင်မဆို အကြမ်းဖက်ခံရသူနှင့် မည်သို့တော်စပ်ပုံကို ထည့်သွင်းမစဉ်းစားဘဲ မည်သူမဆို အင်အားသုံး အကျပ်ကိုင်ကာ ပြုလုပ်သည့်  လိင်ပိုင်းဆိုင်ရာ အပြုအမူ၊ လိင်ပိုင်းဆိုင်ရာအပြုအမူရရှိရန် ကြိုးစားခြင်း သို့မဟုတ် အခြားသူတစ်ဦး၏ လိင်မှုဆန္ဒအပေါ် ဦးတည်သော အပြုအမူအားလုံးကို ဆိုလိုသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် အဓမ္မပြုကျင့်ခြင်းပါဝင်ပြီး ၎င်းကို ကိုယ်ထိလက်ရောက်အားဖြင့် အဓမ္မပြုကျင့်ခြင်း၊ တစ်နည်းအားဖြင့် အင်အားသုံးအကြပ်ကိုင်၍ မိန်းမအင်္ဂါ သို့မဟုတ် စအိုထဲသို့ လိင်တံ၊ အခြား ခန္ဓာကိုယ်အစိတ်အပိုင်း သို့မဟုတ် အရာဝတ္ထု ထိုးသွင်းခြင်းဟု အဓိပ္ပါယ် ဖွင့်ဆိုထားသည် (WHO, ၂၀၀၂)။

[3] **စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** တွင်ခြိမ်းခြောက်ရန်နှင့် ညှဉ်းပန်းရန် ရည်ရွယ်သော အပြုအမူများပါဝင်ပြီး စွန့်ပစ်ခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်း၊ အိမ်တွင် ပိတ်နှောင်ထားခြင်း၊ စောင့်ကြပ်ခြင်း၊ ကလေးများ အုပ်ထိန်းခွင့် ဖယ်ရှားမည်ဟု ခြိမ်းခြောက်ခြင်း၊ အရာဝတ္ထုများ ဖျက်စီးခြင်း၊ နှုတ်ဖြင့်တိုက်ခိုက်ခြင်းနှင့် ဆက်တိုက် အရှက်ခွဲခြင်း အစရှိသည် ခြိမ်းခြောက်မှုပုံစံများ ပါဝင်သည် (UNICEF Innocenti သုတေသနစင်တာ၊ ၂၀၀၀)။

[4] ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) ၏ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ တစ်ဦးချင်းစီသို့ ဦးတည်၍ ပိုမိုကြီးမားသော အဖွဲ့များမှ ကျူးလွန်သည့် စုပေါင်းအကြမ်းဖက်မှုပုံစံဖြစ်သည်။ စီးပွားရေးဆိုင်ရာ အလွဲသုံးစားမှုများတွင် ရန်ပုံငွေ ငြင်းဆိုခြင်း၊ ငွေကြေး ပါဝင်ကူညီရန် ငြင်းဆိုခြင်း၊ အစားအစာနှင့် အခြေခံ လိုအပ်ချက်များအား ငြင်းဆိုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အလုပ် လုပ်ပိုင်ခွင့်များ အစရှိသည်တို့မှ ရရှိနိုင်ခွင့်များကို ထိန်းချုပ်ထားခြင်းများကဲ့သို့ အပြုအမူများ ပါဝင်သည်။ (UNICEF Innocenti သုတေသနစင်တာ၊ ၂၀၀၀)

ဂ) ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို နိုင်ငံ နှင့်/သို့မဟုတ် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများမှ ကျူးလွန်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ဖြစ်ပွားပါက မည်သည့်နေရာတွင်ဖြစ်ပွားသည်ဖြစ်စေ အကြမ်းဖက်မှု ဖြစ်ပါသည်။ (၂၀၀၀ ခုနှစ် UNICEF နှင့် ၁၉၉၅ ခုနှစ် ဘေဂျင်းလုပ်ငန်းစီမံချက်)

အခြားသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံများလည်းရှိပြီး ၎င်းတို့မှာ အရွယ်မတိုင်မီ နှင့် အဓမ္မ လက်ထပ်စေခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ပါဝင်ပတ်သက်သော သို့မဟုတ် ဖြစ်ပွားရန် အထောက်အကူပြုသော အခြားအန္တရာယ်ရှိသည့် အလေ့အကျင့်များ ပါဝင်သည်။ ထို့ပြင် အသစ်ထပ်မံ ပေါ်ထွက်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT)အသုံးပြု၍ ကျူးလွန်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံများ ဖြစ်သည့် အွန်လိုင်းတွင် နှောင့်ယှက်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ အနိုင်ကျင့်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေသော ရုပ်ပုံများ ဖြန့်ဝေခြင်း အစရှိသည်တို့ ပါဝင်သည်။

မတူကွဲပြားသော အမျိုးသမီးအုပ်စုများသည် ခွဲခြားဆက်ဆံခြင်းနှင့် တန်းတူညီမျှမရှိခြင်းများ အား ပုံစံမျိုးစုံနှင့် ပေါင်းစည်းထားသည့် နည်းလမ်းများဖြင့် ခံစားကြုံတွေ့နေပြီး အကြမ်းဖက်မှု များကို ခုခံနိုင်စွမ်းအား ပိုမိုလျော့နည်းသွားစေပါသည်။ ၎င်းတို့တွင် မသန်စွမ်းသော အမျိုးသမီး များ၊ HIV နှင့် AIDS ရှိသော၊ HIV နှင့် AIDS ကြောင့် ထိခိုက်ခံစားနေရသော အမျိုးသမီးများ၊ မိန်းကလေးများ၊ အသက်အရွယ်ကြီးသော အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများ နှင့်/သို့မဟုတ် ဒေသခံ အမျိုးသမီးများ၊ ဥပဒေနှင့် ငြိစွန်းထားသော အမျိုးသမီးများ၊ သဘာဝ ဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခဒေသများတွင် နေထိုင်သော အမျိုးသမီးများ၊ မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအမျိုးသမီးများနှင့် မှတ်ပုံမတင်ထားသော ရွှေ့ပြောင်း

အလင်းသဘောတရားပြန့်ပွားရေး

အမျိုးသမီးများ၊ နိုင်ငံမဲ့အမျိုးသမီးများ၊ အမျိုးသမီးလူ့အခွင့်အရေး လှုပ် ရှား သူများ/ ကျား-မ တန်းတူညီမျှရေး ထောက်ခံအားပေးသူများနှင့် အစမ္ဗ အလုပ်ခိုင်းစေရန် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် လူကုန်ကူးခြင်းခံရသော အမျိုးသမီးများ နှင့် အခြားအကြမ်းဖက်ခြင်းခံရသော အမျိုးသမီးများ ပါဝင်ပါသည်။

**၃။ အာဆီယံဒေသရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြေရှင်း ဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများ**

အာဆီယံဒေသအနေဖြင့် ဒေသနှင့် နိုင်ငံ အဆင့်နှစ်ခုလုံးရှိ စုပေါင်းအားထုတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကြောင့် ယခုနှစ်များတွင်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ဖြေရှင်း ဆောင်ရွက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ တွေ့မြင်ရပါသည်။ အာဆီယံ အဖွဲ့ဝင် နိုင်ငံအများစုတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု နှင့်/သို့မဟုတ် အိမ်တွင်းအကြမ်းဖက် မှုများ အား ရည်ရွယ်ထုတ်ပြန်ထားသည့် နိုင်ငံအဆင့်မူဝါဒများရှိပြီး အချို့တွင် ဥပဒေနှင့် မူဝါဒများအား အကောင်အထည်ဖော်နိုင်ရန်အတွက် ထောက်ပံ့ပေးနိုင်သော နိုင်ငံအဆင့် လုပ်ငန်းစဉ်များရေးဆွဲထားကြပါသည်။ အစိုးရနှင့်/ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်း များ အနေဖြင့် အကြမ်းဖက်မှု ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ခိုလှုံရာ နေရာများ ၊အရေးပေါ်ဖုန်းလိုင်းများ ၊ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဝန်ဆောင်မှုများအား တစ်နေရာတည်းတွင် ဖြေရှင်းဆောင်ရွက် နိုင်သည့် စင်တာများ(One Stop Crisis Centers) အပြင် နိုင်ငံများစွာရှိ ရဲစခန်းများတွင် အမျိုးသမီးများနှင့် ကလေးများ အတွက် ရည်ရွယ်သည့် တိုင်ကြားရန်နေရာများ ထားရှိပေးထားပါသည်။ နိုင်ငံအများအပြားတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လက်ခံမှုလျော့ကျစေရန် အသိပညာပေးရေး လူထုလှုပ်ရှားမှုများ အကောင် အထည်ဖော်လျက်ရှိသည်။ သို့သော်လည်း အချို့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံများ ဖြစ်သည့် အိမ်ထောင်ဖက်အား အစမ္ဗပြုကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ

အကြမ်းဖက်မှုများမှာ တည်ဆဲဥပဒေအရ အကျုံးဝင်ခြင်း မရှိသောကြောင့် တိုးတက်မှုများမှာ တူညီမှုမရှိပေ။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အတိုင်းအတာနှင့် အကျိုးသက်ရောက်မှု များဆိုင်ရာ အချက်အလက် ကွာဟချက်များ၊ ဥပဒေပြဌာန်းချက်များနှင့် ကူညီထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ အတွက် ပံ့ပိုးပေးနိုင်သော ငွေကြေးနှင့် လူ့အရင်းအမြစ် ကန့်သတ်ချက်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လျစ်လျူရှုသည့် ကျား၊ မရေးရာ စံနှုန်းများနှင့် ပုံသေကားကျ သတ်မှတ်ချက်အမြင်များ ပျံ့နှံ့နေမှုများသည် ထပ်မံအလေးပေးကာ ဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်ပါသည်။

အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ဦးတည်ဆောင်ရွက်မှုများကို ဤ အာဆီယံ RPA ၏ အပိုင်း (၂) တွင် ဖော်ပြထားသည်။

## ၄။ EVAWနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များ

## (က)အပြည်ပြည်ဆိုင်ရာ တာဝန်ယူဆောင်ရွက်ချက်များ

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူ စာချုပ်များအား သဘောတူလက်မှတ်ရေးထိုး ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား အဆုံးသတ်နိုင်ရန် ၎င်းတို့၏ တာဝန်ယူဆောင်ရွက်ချက်များကို ဖော်ပြခဲ့ကြပါသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)နှင့် ကလေးသူငယ်အခွင့် အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRC) များတွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ

ပုံမှန်အစီရင်ခံစာများအား တင်ပြခဲ့ကြပြီး CEDAW၏ ပုံမှန်ပြန်လည်သုံးသပ်ချက်များ တွင်လည်းပါဝင်ခဲ့ပါသည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ CEDAW ကော်မတီ၏ အကြံပြုသုံးသပ်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၉၂ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)ဆိုင်ရာ ကော်မတီအနေဖြင့် အထွေထွေအကြံပြုချက် အမှတ်(၁၉) အားစတင်ကျင့်သုံးခဲ့ပါသည်။ ၎င်းအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုး သမီးများအပေါ် ခွဲခြားဆက်ဆံသော ပုံစံတစ်ခုဖြစ်သည်ဟု ထပ်လောင်းအတည်ပြုခဲ့ပြီး ယင်းအားအခြေခံ၍ ၁၉၉၃ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း၏ အသေးစိတ် အခြေခံအချက်အလက်များကို ရေးဆွဲခဲ့ပါ သည်။ ထိုကြေညာစာတမ်းသည် နိုင်ငံများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးနှင့် ကျူးလွန်သူများအားအရေးယူအပြစ်ပေးနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရန် တောင်းဆို တိုက်တွန်းခဲ့ပါသည်။ ထိုနှစ်တွင်ပင် ဗီယင်နာ ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်ကို ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးညီလာခံတွင် လက်ခံကျင့်သုံးခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအားမည်သည့် အခြေအနေတွင်မဆို လျစ်လျူမရှုနိုင်ဟု ပြတ်သားစွာ ထုတ်ပြန်ခဲ့သည်[၅]။ ၁၉၉၅ခုနှစ်တွင် ဘေဂျင်းလုပ်ငန်းစီမံချက်အား စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံတွင် လက်ခံကျင့်သုံးခဲ့ပြီး အစိုးရများနှင့် ကဏ္ဍအားလုံးမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအားကာကွယ်ရန်နှင့် ပပျောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

၂၀၁၃ခုနှစ်တွင်ကျင်းပသည့် (၅၇) ကြိမ်မြောက် Commission on the Status of Women (CSW) အစည်းအဝေးတွင် တက်ကြွစွာပါဝင်ခြင်းနှင့် လက်ခံကျင့်သုံးခြင်းမှတဆင့် အာဆီယံ

[၅] ၁၉၉၃ခုနှစ် ဗီယင်နာ ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်၊ စာပိုဒ် ၁၈

အဖွဲ့ဝင်နိုင်ငံများသည် ယခုနှစ်များအတွင်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား ဆက်လက်ရင်ဆိုင်ဖြေရှင်းခဲ့ကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရန် အထွေထွေညီလာခံ၊ လူ့အခွင့်အရေးကောင်စီ၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ ၁၈၂၀၊ ၁၈၈၈ နှင့် ၁၈၈၉၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးရာ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ စာချုပ် စာတမ်းများနှင့် လုပ်ငန်းစဉ်များအား တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ မကြာသေးမီက အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ဘေဂျင်းလုပ်ငန်းစီမံချက် နှစ်(၂၀)ပြည့် ပြန်လည်သုံးသပ်ခြင်းတွင်ပါဝင်ခဲ့ပြီး ဝန်ကြီးအဆင့်ကြေညာစာတမ်းများအားလည်း ထောက်ခံအတည်ပြုခဲ့ပါသည်။

ထိုစာတမ်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား အဆုံးသတ်စေရန် အညွှန်းကိန်းများနှင့် ရည်မှန်းချက်များပါဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များတွင် ကျား၊မတန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သီးခြားပန်းတိုင် တစ်ခုအဖြစ် လိုအပ်မှု အား ထပ်လောင်း အတည်ပြုထားပါသည်။[၆]

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အမှတ် (၅) ၏ ရည်မှန်းချက်မှာ "ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး" ဖြစ်ပါသည်။ ၎င်းတို့မှာ

၁) နေရာတိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများအား ခွဲခြားဆက်ဆံခြင်းပုံစံ အားလုံး အဆုံးသတ်စေရန်၊

၂) လူကုန်ကူးခြင်း၊ လိင်နှင့်အခြားခေါင်းပုံဖြတ်ခြင်းများအပါအဝင် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများရှိ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများအား

[၆] စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၏ ရည်မှန်းချက်များအား UN ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုနိုင်သည်။ http://www.un.org/sustainabledevelopment/sustainable-development-goals/

လုံးဝပပျောက် စေရန်၊

၃) ကလေးလက်ထပ်ထိမ်းမြားခြင်း၊ အသက်မပြည့်ခင် လက်ထပ်ထိမ်းမြားခြင်း နှင့် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားခြင်းများ နှင့် အမျိုးသမီးလိင်အင်္ဂါ ဖြတ်တောက်ခြင်း စသည့် အန္တရာယ်ရှိသော အလေ့အကျင့်များအားလုံးအား ဖယ်ရှားစေရန်၊

၄) အစိုးရအလုပ်အကိုင်များ၊ အခြေခံအဆောက်အအုံများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများ ချမှတ်ခြင်းဖြင့် လုပ်ခလစာ မရရှိသော ပြုစုစောင့်ရှောက်မှုနှင့် အိမ်ထောင်ထိန်းသိမ်းစောင့် ရှောက်ရေး အလုပ်များအား အသိအမှတ်ပြုကာ တန်ဖိုးထားစေရန်၊

၅) နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာ ဆုံးဖြတ်ချက်ချခြင်းများတွင် အဆင့်အားလုံး၌ အမျိုးသမီးများအနေဖြင့် အပြည့်အဝ ထိရောက်စွာပါဝင်စေရန်နှင့် တန်းတူညီမျှသော ခေါင်းဆောင်မှု အခွင့်အရေးများအား ရရှိစေရန်၊

၆) လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ၎င်းညီလာခံများ၏ ဆွေးနွေးသုံးသပ်ချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ သဘောတူညီခဲ့သည့် လိင်နှင့်မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် မျိုးဆက်ပွားဆိုင်ရာအခွင့်အရေးများအား အမျိုးသမီးများအားလုံး လက်လှမ်းမီစေရန်၊

၇) အာဆီယံနိုင်ငံများ၏ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အမျိုးသမီးများအား စီးပွားရေးအရင်းအမြစ်များကို တန်းတူအခွင့်အရေးပေးရန်သာမက မြေယာနှင့်အခြားပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု၊ ဘဏ္ဍာရေး ဝန်ဆောင်မှု၊ အမွေနှင့်သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့် ရရှိစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်စေရန်၊

၈) အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရာတွင် အကျိုးရှိစေမည့် နည်းပညာများ၊ အထူးသဖြင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများအား ပိုမိုထိရောက်စွာ အသုံးချ စေရန်၊

အလွတ်သဘောဘာသာပြန်ဆိုချက်

(၉) ကျား၊မ တန်းတူညီမျှမှုမြှင့်တင်ရေးနှင့် အဆင့်အားလုံးရှိ အမျိုးသမီးများနှင့် မိန်းကလေးများအား စွမ်းရည်မြှင့်တင်ရေးအတွက် ခိုင်မာသောမူဝါဒများနှင့် ပြဋ္ဌာန်းနိုင်သော ဥပဒေများအား ချမှတ်ခြင်းအားဖြင့် ပိုမိုခိုင်မာသောမူဝါဒများအား ချမှတ်ကာ လိုက်နာကျင့်သုံးစေရန် တို့ဖြစ်သည်။

၂၀၁၃ခုနှစ်တွင်ကျင်းပသည့် (၅၇) ကြိမ်မြောက် Commission on the Status of Women (CSW) အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါ သည်။

## (ခ)ဒေသတွင်း တာဝန်ယူဆောင်ရွက်ချက်များ

၂၀၁၄ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းကို ထုတ်ပြန်နိုင်ရေးအတွက် စုစည်းဆွေးနွေး ခဲ့ကြပြီးနောက် ၂၀၁၃ ခုနှစ်တွင် အမျိုးသမီးများ နှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာစာတမ်းသည် အာဆီယံအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာ ကတိကဝတ်များအား ထပ်လောင်းအတည်ပြုခြင်းဖြစ်သည့်အပြင် ယင်းအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း စီမံချက်တစ်ခုဖြစ်ပါသည်။ ၎င်းစီမံချက်ပါ ACWC နှင့် ACW ၏ EVAW ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ဖြေရှင်းရန်အတွက် ဒေသဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ အား ကောင်းလာစေခြင်းသည် ACWC နှင့် ACW တို့၏ လုပ်ငန်းစီမံချက်တွင် ဦးစားပေးလုပ်ငန်းအဖြစ် ပါဝင်ပါသည်။ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပသည့် ပထမဦးဆုံးသော ACWC နှင့် ACW ပူးတွဲအစည်းအဝေးတွင် အာဆီယံဒေသတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်း အား

အကောင်အထည်ဖော်ရန် အတွက် ဒေသဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ခုအား ပူးပေါင်းရေးဆွဲရန် သဘောတူညီခဲ့ကြသည်။ အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက်(ASEAN RPA on EVAW) အနေဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်းအား ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့်အကောင် အထည်ဖော်မှုများအား လမ်းညွှန်မှုပေးနိုင်ရန်အတွက် တိကျသော စီမံချက်များချမှတ်နိုင်ခဲ့ပါသည်။

ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် EVAWဆိုင်ရာ အခြားသော တာဝန်ယူဆောင်ရွက်ချက်များ ဖြစ်သည့် ကျား၊ မရေးရာတန်းတူညီမျှရေးနှင့် အမျိုးသမီး စွမ်းပကားမြှင့်တင်ရေး တို့အား ဆောင်ရွက်လျက်ရှိသည်။

၎င်းတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုဆိုင်ရာ အာဆီယံ ကြေညာစာတမ်း (၂၀၀၄)၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) လုပ်ငန်း စီမံချက် (၂၀၀၄) နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုဆိုင်ရာ အာဆီယံ ကြေညာစာတမ်း (၂၀၁၃) တို့ပါဝင်သည်။

**၅။ အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုအတွက် လမ်းညွှန်ချက် အခြေခံ သဘောတရားများ**

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ အာဆီယံစီးပွားရေးမဏ္ဍိုင်၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင် သုံးခုလုံးအပေါ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အကျိုးသက်ရောက်သောကြောင့် ထိုမဏ္ဍိုင်သုံးခုလုံးသည်လည်း အကြမ်းဖက်မှုအဆုံးသတ်ရန် အတွက် တာဝန်ယူဆောင်ရွက်နေကြပါသည်။ အာဆီယံ RPAအနေဖြင့် ၂၀၁၃ခုနှစ်၊ ၂၃ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များ အတည်ပြုခဲ့

အာလုံးသိတော်ဆာဘာသာပြန်ဆိုချက်

သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းကို ဒေသအဆင့်နှင့် နိုင်ငံအဆင့် တွင် အကောင်အထည်ဖော်မှုအား လမ်းညွှန်ရန် ရည်ရွယ်ပါသည်။ ထိုကြေညာစာတမ်းပါ ကတိကဝတ်များအား နိုင်ငံနှင့်ဒေသ ဆိုင်ရာအကြောင်းအရာနှင့် အခြေအနေများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒေသအဆင့် နှင့် နိုင်ငံအဆင့် နည်းဗျူဟာများနှင့် လုပ်ငန်းများအား ချမှတ်ခဲ့ကြပါသည်။

အာဆီယံ RPAသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်၊ အထူး သဖြင့် ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းပကားမြှင့်တင်ရေးပန်းတိုင် အောင်မြင် စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အာဆီယံ RPAအနေဖြင့် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့တွင် ကျင်းပသည့် “Asian and Pacific Conference on Gender Equality and Women’s Empowerment: Beijing +၂၀ Review” ညီလာခံတွင် ချမှတ်ခဲ့သည့် ဝန်ကြီးအဆင့်ကြေညာစာတမ်း၌ ခေါင်းဆောင်များ၏ ကတိကဝတ်ပြုမှုများအား အာဆီယံအဖွဲ့ဝင်နိုင်ငံများ လက်တွေ့အကောင်အထည်ဖော်ရာတွင် များစွာ အထောက်အကူ ပြုခဲ့ပါသည်။

အာဆီယံ RPAသည် ထိုပူးတွဲကတိကဝတ်ပြုမှုများအား အကောင်အထည်ဖော်မှုတစ်ခုဖြစ်ပြီး ယင်းအား အောက်ပါလမ်းညွှန်ချက် အခြေခံသဘောတရားများအပေါ် အခြေခံရေးဆွဲထားပါ သည်။

**(က) လူ့အခွင့်အရေးအခြေပြု နည်းလမ်းများ**

အာဆီယံဒေသအတွင်းရှိ လူများအားလုံးသည် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု ကင်းသော ဘဝများကို ရပိုင်ခွင့်ရှိသည်။ နိုင်ငံများသည် ထိုကဲ့သို့ ရပိုင်ခွင့် ရရှိစေရန်နှင့် အမျိုးသမီးများ အပေါ်အကြမ်းဖက်မှုပပျောက်စေရန် အဓိကတာဝန်ရှိသူများဖြစ်ပါသည်။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက်စေရေးအတွက် လူ့အခွင့်အရေးအခြေပြုနည်းလမ်းဆိုသည်မှာ အကြမ်း

ဖက်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအား သတင်းအချက်အလက်များနှင့် ဖြေရှင်းရန် နည်းလမ်းများ ရရှိစေခြင်းဖြင့် စွမ်းပကားမြှင့်တင်ပေးရန်နှင့် ၎င်းတို့၏ လူအခွင့်အရေးများကို ပြန်လည်ရယူရန် အားပေးပြီး အကြမ်းဖက်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများ အားလုံးကို တာဝန်ရှိသူများမှ ကျား၊ မ တန်းတူအလေးထားရှုမြင်၍ အကြမ်းဖက်ခံရသူကို ဦးစားပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ရန် တာဝန်ရှိ ပါသည်။ အဆိုပါ သဘောတရားများကို CEDAW တွင် လည်း အလေးပေးပြဌာန်းထားပါသည်။ ထိုကဲ့သို့နည်းလမ်းများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့် တုံ့ပြန်ဆောင်ရွက်မှုများ တွင် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ ထည့်သွင်းနိုင်ရန် တက်ကြွစွာ ဆောင်ရွက်မှုများနှင့် အချင်းချင်း အမှီသဟဲပြုနေရခြင်းနှင့် ဆက်နွယ်နေသည့် လူ့အခွင့်အရေး သဘောသဘာဝကို သိရှိလက်ခံခြင်းများ ပါဝင်သည်။ ၎င်းတွင် ကျား၊ မ တန်းတူညီမျှမှုမရှိခြင်းများ၏ အခြေခံ အကြောင်းအရင်းများဖြစ်သည့် မညီမျှသော လုပ်ပိုင်ခွင့်အာဏာ ဆက်နွယ်မှုများ၊ ကျား၊ မဆိုင် ရာ ခွဲခြားဆက်ဆံသော စံနှုန်းများနှင့် တရားသေအမြင်များအား ဖြေရှင်းခြင်းအပြင် ကျား၊ မ တန်းတူညီမျှမှုအား မြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးများကို သိရှိလက်ခံခြင်း၊ ကာကွယ်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများ အားလုံးတွင် အမျိုးသမီးများနှင့် မိန်းကလေးများမှ အပြည့်အဝထိရောက်စွာ ပူးပေါင်းပါဝင်စေရန် တို့ပါဝင်သည်။ မကြာခဏဆိုသလိုပင် အမျိုး သမီးများအပေါ် အကြမ်းဖက်မှုအား လူမှုဓလေ့များ၊ ဘာသာရေးအယူနှင့် တန်ဖိုးများ အပေါ် ကိုးကား၍ မှန်ကန်ကြောင်း ပြသလေ့ရှိပါသည်။ ထိုကဲ့သို့ ဖြစ်ရပ်များကြောင့် နိုင်ငံများ အနေ ဖြင့် “အမျိုးသားများနှင့် အမျိုးသမီးများအတွက် တရားသေသတ်မှတ်ထားသည့် အခန်း ကဏ္ဍ များ သို့မဟုတ် နှစ်ဦးစလုံး၏ သာလွန်ခြင်း သို့မဟုတ် နိမ့်ကျခြင်းဆိုင်ရာ အတွေး အခေါ် များ အပေါ် အခြေခံထားသည့် မလိုမုန်းထားမှုများ၊ ဓလေ့ထုံးတမ်းများနှင့် အခြားသော အလေ့ အကျင့်များအားလုံး ပပျောက်စေရမည်ဟူသော အမြင်ဖြင့် အမျိုးသားများနှင့် အမျိုးသမီးများ၏

အလင်းသဘောတရားဖြန့်ဝေရေး

လူမှုရေးနှင့် ယဉ်ကျေးမှု အပြုအမူပုံစံများအား ပြောင်းလဲရန်” အရေးကြီးပါသည်။[၇]

## (ခ) ကဏ္ဍစုံ၊ နည်းလမ်းစုံဖြင့် ချဉ်းကပ်ခြင်း

အာဆီယံအတွင်းရှိ ကဏ္ဍစုံ၊ အဖွဲ့အစည်းများနှင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရန်အတွက် တာဝန်ရှိပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် မတူညီသော အဆင့်များ၌ အခြေခံအကြောင်းများ တည်ရှိနေသည့် ရှုပ်ထွေးသော ပြဿနာတစ်ခု ဖြစ်သည့်အလျောက် အကြမ်းဖက်မှုအား ကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်မှာ နိုင်ငံအတွင်းရှိ ကဏ္ဍအားလုံး၏ အပြည့်အဝ ပါဝင်မှုရှိရန်နှင့် နည်းလမ်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၎င်းတို့တွင် ပညာရေး၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ တရားရေးစနစ်၊ လူမှုရေးဝန်ဆောင်မှုများနှင့် ဘဏ္ဍာရေး ကဏ္ဍတို့ ပါဝင်ပြီး အခြားကဏ္ဍ များလည်း ပါဝင်ပါသည်။ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့ရှိ ကဏ္ဍများနှင့် အေဂျင်စီများအားလုံးသည် ချိတ်ဆက်မှုရှိသည့် စနစ်တစ်ခုဖြင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည့်စုံ၍ ချိတ်ဆက်မှုရှိသည့် ကဏ္ဍပေါင်းစုံ မူဝါဒများ၊ စီမံကိန်းများ၊ စနစ်များနှင့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင် အထည်ဖော်ရာတွင် သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၊ NGO များ၊ ပုဂ္ဂလိက ကဏ္ဍများနှင့် အခြားသောလုပ်ငန်းဆောင်ရွက်သူများကို စုစည်းပါဝင်ဆောင်ရွက်စေခြင်းဖြင့် ၎င်းတို့၏ တာဝန်ရှိမှုကိုလည်း ပိုမိုသိမြင်လာစေနိုင်မည် ဖြစ်ပါသည်။

## (ဂ) သက်သေအခြေပြု နည်းလမ်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ကာကွယ်ရန်နှင့် တိုက်ဖျက်ရန် ရေးဆွဲ အကောင်

[၇] ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း

အထည် ဖော်ထားသည့် မူဝါဒများ၊ စီမံကိန်းများနှင့် နည်းဗျူဟာများအားလုံး သည် အမျိုးသမီးများ၊ အထူးသဖြင့် ဖယ်ကျဉ်ခံအုပ်စုများနှင့် ကဏ္ဍစုံရှိ အမျိုးသမီးများထံမှ လက်တွေ့ကျသည့် သက်သေများနှင့် အဓိပ္ပါယ်ရှိသည့် ပူးပေါင်းပါဝင်မှုများအပေါ်တွင် အခြေခံရမည်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ ကျယ်ပြန့်မှုနှင့် အကျိုး သက်ရောက်မှုဆိုင်ရာ သက်သေများသည် သီးခြားပုံမှန် ကောက်ယူသည့် အချက်အလက်များနှင့် အခြားနည်းလမ်းများမှတဆင့် စုဆောင်းနိုင်သည့်အပြင် ဆက်တိုက်လုပ်ဆောင်နေသည့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ် ဆန်းစစ်ခြင်းတို့မှနေ၍ တုံ့ပြန်ဆောင်ရွက်ခြင်းများ၏ သက်ရောက်မှုနှင့် အကျိုးရှိမှုတို့အား စစ်ဆေးနိုင်ပါသည်။

## (ဃ) အလေးထား ဆောင်ရွက်ခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်စေရန် အတွက် အလေးထား ဆောင်ရွက်လျက်ရှိ ပါသည်။ ဆိုလိုသည်မှာ နိုင်ငံများအနေဖြင့် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုအား တားဆီးရန်၊ ကာကွယ်ရန်၊ အရေးယူရန်နှင့် အကြမ်း ဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများအတွက် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက် ပေး နိုင်ရန်တို့အတွက် ထိုက်သင့်သော လုပ်ဆောင်မှုများအား လုပ်ဆောင်သွားမည်ဟု ကတိကဝတ် ပြုထားပါသည်။

## (င) မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

ဤ အာဆီယံ RPA အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် သက်ဆိုင်ရာ အာဆီယံ အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အေဂျင်စီများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ လူ့အစုအဖွဲ့များနှင့် ပုဂ္ဂလိက ကဏ္ဍများအပြင် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးမှ အဓိပ္ပါယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှုနှင့် မိတ်ဖက်လုပ်ဆောင်မှုများ

လိုအပ်ပါသည်။ အဆိုပါ မိတ်ဖက်လုပ်ဆောင်မှုများတွင် အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများနှင့် ဖယ်ကြဉ်ခံ ထားရသော/ ထိခိုက်လွယ်သော အုပ်စုများမှ အမျိုးသမီးများ၏ အသံများ ပါဝင်သင့်ပါသည်။ ဤလုပ်ငန်းစီမံချက်အပေါ် ကျယ်ပြန့်သည့်တာဝန်ရှိမှုအား တည်ဆောက်ပေးခြင်း၊ ပါဝင်လုပ်ဆောင်သူအားလုံး၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ကောင်းမွန်စွာ အသုံးချနိုင်ခြင်း၊ သက်ဆိုင်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်မှုရှိစေခြင်းတို့သည် ထိရောက်သော ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ နည်းဗျူဟာများဖြစ်စေရေးအတွက် မရှိမဖြစ် အစိတ်အပိုင်းများ ဖြစ်ပါ သည်။

**၆။ အချိန်သတ်မှတ်ချက်**

အာဆီယံ RPA သည် အာဆီယံ အသိုက်အဝန်းလမ်းပြမြေပုံ (၂၀၁၆-၂၀၂၅) နှင့်အညီ (၂၀၁၆ မှ ၂၀၂၅ အထိ ၁၀ နှစ်တာကာလအထိ အကျုံးဝင်ပါသည်။

**၇။ မူဝါဒထုတ်ပြန်ချက်နှင့် မူလရည်မှန်းချက်**

အာဆီယံသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုကို လုံးဝလက်မခံသည့် (Zero Tolerance)မူဝါဒရှိပါသည်။ အာဆီယံသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လူ့အခွင့်အရေးချိုးဖောက်မှုဟုသတ်မှတ်၍ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်သွား စေရန်အတွက် ဦးစားပေးဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် ဤစီမံချက်၏ မူလရည်မှန်းချက်သည် အာဆီယံတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု ပပျောက်သွားစေရန်ဖြစ်သည်။

**၈။ ရည်မှန်းချက်**

ဤအာဆီယံ RPA ၏ ရည်မှန်းချက်များမှာ

၁။ အာဆီယံအနေဖြင့် EVAW ၏ မူဝါဒများကို ခိုင်မာအောင်တည်ဆောက်ရန်နှင့် မဏ္ဍိုင်များ၊ ကဏ္ဍများအားလုံးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးမှုပေးရန်

၂။ နိုင်ငံအဆင့် EVAW ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများမှ အာဆီယံ အဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းစီအတွက် ထိရောက်သော ကာကွယ်တားဆီးသည့် ဝန်ဆောင်မှု များ ထောက်ပံ့ရန်။

**၉။ အဓိကမဟာဗျူဟာများနှင့် ဆောင်ရွက်ချက်များ**

အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုအဆုံးသတ်ရန်အတွက် ကြိုတင် တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး နှစ်ခုလုံးပါဝင်သည့် စဉ်ဆက်မပြတ် ညှိနှိုင်း ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းအနေဖြင့် ရှုပ်ထွေး သောအခြေခံအကြောင်းအရင်းများနှင့် အကြမ်းဖက်မှုများသို့ ဦးတည်ခြင်းကို ဖြေရှင်းခြင်းမပြုမီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား တားဆီးရန် လိုအပ်ပါသည်။ အကြမ်းဖက်မှု ခံရသူ များ/ရှင်သန်လွတ်မြောက်လာသူများ အားလုံး၏ ရေတိုနှင့် ရေရှည်လိုအပ်ချက်များကို အဆင့် မီသော အထောက်အပံ့ဝန်ဆောင်မှုများကို အပြည့်အဝရရှိနိုင်ရန် လိုအပ်ပါသည်။ ပြစ်မှုကျူး လွန်သူများကို ထိရောက်စွာတရားစီရင်နိုင်ရန်နှင့် ဥပဒေမူဘောင်များအား အပြည့်အဝ အကောင် အထည်ဖော်ရန်နှင့် လက်ခံကျင့် သုံးရန်လည်း လိုအပ်ပါသည်။ ဆိုလိုသည်မှာ သက်ဆိုင်ရာ ဦးစီး ဌာနများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုကိစ္စရပ်များကို ဆီလျော်စွာတုံ့ပြန်နိုင်ရန်အတွက် စွမ်းရည်နှင့် ဗဟုသုတရှိစေရန်နှင့် အတူ တကွပူးပေါင်းနိုင်စေရန် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ထိရောက်သော အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးမူဘောင်သည် သက်သေသာဓကများအပေါ်တွင် အခြေခံသည့် တားဆီးကာကွယ်ခြင်းနှင့်တုံ့ပြန်ခြင်းမဟာဗျူဟာများဖြစ်စေရေးအတွက် လုံ လောက်သောအချက်အလက်၊ သုတေသန နှင့် စောင့်ကြည့်မှုလိုအပ်ပါသည်။ ထို့ပြင် ကြိုတင် တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်မှုယန္တရားများသည် ၎င်းတို့၏ထိရောက်မှုကို ဆန်းစစ်ရန် စနစ်တကျ စောင့်ကြည့်ကြပ်မတ်မှုနှင့် အကဲဖြတ်ဆန်းစစ်မှုများ လိုအပ်ပါသည်။ ကြိုတင် တား

ဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးမဟာဗျူဟာများသည် မြေပြင်အခြေအနေမှ မည်သည့် ပြောင်းလဲမှုများကိုမဆို တုံ့ပြန်နိုင်ရန်အတွက် စဉ်ဆက်မပြတ်သင့်လျော်အောင် ပြင်ဆင်ရန် လိုအပ်ပါသည်။

အာဆီယံ RPA အနေဖြင့် ထိရောက်မှုရှိပြီး ညှိနှိုင်းပေါင်းစပ်မှုရှိသည့် မဟာဗျူဟာများ၊ အကြမ်းဖက်ခံရသူများ/ရှင်သန်လွတ်မြောက်လာသူများအား အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးမှု၊ ဥပဒေမူဘောင်ကို ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမှု၊ တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်ကို အားကောင်းစေမှု၊ ပုံမှန်ပြန်လည်သုံးသပ်ခြင်းမှတစ်ဆင့် အချက်အလက်များကို စုဆောင်းမှုနှင့် စောင့်ကြည့်ကြပ်မတ်မှုစသည့် မဟာဗျူဟာများကို လက်ခံကျင့်သုံးပါသည်။ ထို့ကြောင့် EVAW နှင့်ပတ်သက်သည့် RPA သည် ဒေသအဆင့်နှင့် နိုင်ငံအဆင့်တွင် အောက်ဖော်ပြပါ အဓိကလုပ်ဆောင်မှုများ အကျုံးဝင်ပြီး ဒေသအဆင့်နှင့် နိုင်ငံအဆင့်အခြေအနေ များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**လုပ်ဆောင်မှု ၁။ ကြိုတင်တားဆီးကာကွယ်ခြင်း**

၁။ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အကျိုးသက်ရောက်မှု အများဆုံးနည်းဗျူဟာများ ကို အခြေပြု ထားသည့်မူဝါဒများနှင့်စီမံချက်များအပါအဝင် ကြိုတင်တားဆီးကာကွယ်မှုနှင့် တုံ့ပြန် ဆောင်ရွက်မှုများ ပေါင်းစပ်ထားသော အလုံးစုံပါဝင်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုင်ရာ နိုင်ငံအဆင့် မူဘောင် တစ်ရပ်အား ရေးဆွဲရန် (နိုင်ငံအဆင့်)။

၂။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ခြင်းဆိုင်ရာ နိုင်ငံအဆင့် မူဘောင် တစ်ရပ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် လမ်းညွှန်မှုပေးနိုင်ရန် ပြည်တွင်း၊ ပြည်ပမှ အလေ့အကျင့်ကောင်းများကိုအခြေခံထားသည့် ဒေသဆိုင်ရာ ဆန်းသစ်တီထွင်ထားသည့် နည်းလမ်းများ၊ လက်စွဲစာအုပ်များနှင့်လမ်းညွှန်ချက်များအား ရေးဆွဲ၍ဖြန့်ဝေပေးရန် (ဒေသဆိုင်ရာ အဆင့်)။

၃။ အကြမ်းဖက်မှုကင်းပြီး လေးစားမှုရှိသည့် ဆက်ဆံရေးများ ဖြစ်ပေါ်လာရေးအတွက် လူမှုစံနှုန်းများအား ပြောင်းလဲရာတွင် အထူးသဖြင့် လက်ရှိပြည်သူလူထုဦးတည်သော သတင်းမီဒီယာဆိုင်ရာ နည်းလမ်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ထိရောက်စွာ အသုံးပြု၍ သက်သေအထောက်အထားခိုင်လုံသည့် အကြောင်းအရာအပေါ် မူတည်သည့် ယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ပေးလှုပ်ရှားမှုများ ရေးဆွဲအကောင် အထည်ဖော်၍ အကဲဖြတ်ရန်။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား ရည်ညွှန်းသော အသိပညာမြှင့်တင်ရေးပွဲများတွင် အကြမ်းဖက်သူများအတွက် ပြစ်ဒဏ်အမျိုးအစားများသာမက ကျား-မ မညီမျှမှု၊ ခွဲခြား ဆက်ဆံမှုဆိုင်ရာစံနှုန်းများနှင့် အခြားပတ်သက်နေသည့်အချက်များ၏ အခြေခံအကြောင်းအရင်းများကို ထည့်သွင်း နိုင်သည်။ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်များ)

၄။ အကြမ်းဖက်မှုများအား သတင်းပေးပို့ခြင်းနှင့် တရားရေးနှင့်အခြားဝန်ဆောင်မှုများ လက်လှမ်းမီရရှိခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များသာမက အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု ဖြစ်ပွားခြင်းနှင့်အမျိုးအစားများ၊ ယင်းအကြမ်းဖက်မှုကြောင့် လူမှုရေး နှင့်စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများ၊ သက်ဆိုင်ရာ ဥပဒေများနှင့် မူဝါဒများကို ဒေသ ဘာသာစကားဖြင့် ရေးသားထားမှုများအပါအဝင် သတင်းအချက်အလက်များနှင့် အသိပညာ ပေးအထောက်အကူပြုပစ္စည်းများ ပြုစုဖြန့်ဝေပေးရန်။ အဆိုပါ သတင်းအချက်အလက်များနှင့် အသိပညာပေး အထောက် အကူပြုပစ္စည်းများသည် အကြမ်းဖက်ခံရသူများ၊ အသက်ရှင်ကျန်ရစ် သူများ ၏ စိတ်ဒဏ်ရာများ လျော့ချရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လက်ခံကျင့် သုံးမှုအား ပပျောက်ရန်နှင့် အမျိုးသမီးများနှင့် အမျိုးသားများ၏ ကောင်းမွန်၍ စိတ်ခွန်အား ဖြစ်စေသော ဘဝဇာတ်လမ်းကောင်းများအား ပြောင်းလဲမှု၏ အကြောင်းအရင်းများအဖြစ်

အသုံးပြုကာ ဆက်သွယ်ဆောင်ရွက်သွားရန် ရည်ရွယ်သင့်ပါသည် (နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်များ)။

၅။ ပညာရေးဌာနများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရပ်ရွာများနှင့် ပုဂ္ဂလိက ကဏ္ဍများ နှင့်အတူ မိတ်ဖက်အဖြစ် လုပ်ကိုင်၍

(၁) အကြမ်းမဖက်ခြင်း၊ ကျား-မ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လုံးဝလက်မခံခြင်း၏ တန်ဖိုးကို အားပေးရန်။

(၂) ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပညာရေးသင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ ကိုးကားစာအုပ်များနှင့် ဖတ်စာအုပ်များရေးသားပြုစုခြင်း၊ သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာ နည်းစနစ် များနှင့် သင်ထောက်ကူပစ္စည်းများမှတဆင့် အမျိုးသားဖြစ်ခြင်း (ဖိုဝါဒ)၏ အပြုသဘောဆောင်သော အကျိုးပြုမှုများကို မြှင့်တင်ရန်။

(၃) တစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ် ရပ်ရွာများတွင် ကျင့်ဝတ်စည်းကမ်းများ ဖွံ့ဖြိုးစေ၍ ပိုမိုကောင်းမွန်လာစေရန်။

(၄) အဆင့်တိုင်းတွင် ကျား၊မတန်းတူညီမျှ၍ အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုအား လုံးဝလက်မခံသည့် ဝန်းကျင်တစ်ခုဖော်ဆောင်ရေး ပံ့ပိုးရန် (နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်များ)။

၆။ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းကို စွဲလမ်းတပ်မက်မှုနှင့်ပုံမှန်ဖြစ်သည် ဟူသော အယူအဆများ၊ ကျား-မရေးရာဆိုင်ရာ အန္တရာယ်ရှိသောတရားသေအမြင်များ၊ ရေပန်းစားသည့် ယဉ်ကျေးမှု ခေတ်ရေစီးကြောင်းနှင့် လူမှုကွန်ယက်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာပြယုဂ်အမြင်များအားပပျောက်စေရန် ကျား-မရေးရာ

တုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများ၊ မီဒီယာများ၊ စာနယ်ဇင်းသမားများ၊ ကြော်ငြာများ၊ ကာတွန်း ရုပ်ရှင်ဆွဲခြင်းနှင့် ဂိမ်း (gaming) စီးပွားရေးများတွင် ကျင့်ဝတ်စည်းကမ်းများနှင့်/ သို့မဟုတ် လမ်းညွှန်ချက်များ ရေးဆွဲ၍ လိုက်နာမှုအား သေချာစေရန် (နိုင်ငံအဆင့်)။

၇။ အလုပ်ရှင်များ၊ သမဂ္ဂများနှင့် အလုပ်သမားများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဘောင်များ၊ မူဝါဒများနှင့် လုပ်ငန်းနည်းစနစ်များကဲ့သို့ လုပ်ငန်းအစီအမံများရေးဆွဲ၍ ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ကာကွယ်ပပျောက်စေရန် (နိုင်ငံအဆင့်)။

၈။ သင့်တော်သည့်လုပ်ငန်းအစီအမံချမှတ်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးနှင့် အများပြည်သူပိုင် နေရာများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ဘေးကင်းလုံခြုံမှု ရှိစေရန်။

၉။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီတုံ့ပြန်ဆောင်ရွက်ခြင်းများသာမက ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအားလုံး အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား၊ ကြိုတင်ကာကွယ်ခြင်းကို ပါဝင်ထည့်သွင်းထားစေရန် (နိုင်ငံအဆင့်)။

၁၀။ နယ်ပယ်အားလုံးရှိ လူမှုကွန်ရက်များတွင် ဩဇာလွှမ်းမိုးသူများ/ လူမှုရေး စံနှုန်းပြောင်းလဲ ဖော်ဆောင်သူများ (ဥပမာ ရပ်ရွာနှင့် ဘာသာရေးခေါင်းဆောင်များ၊ အနုပညာရှင်များ၊ အားကစားသမားများနှင့် လူငယ်ခေါင်းဆောင်များ) အနေဖြင့် အကြမ်းဖက်ခံရသူများ/ အသက်ရှင်သန်ကျန်ရစ်သူများအား မိမိကိုယ်ကို ရပ်တည်ကာကွယ်သူများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရုံသာမက ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်

အလွတ်သဘောဘာသာပြန်ဆိုချက်

မြှင့်တင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လုံးဝလက်မခံရေးတို့တွင် ရပ်တည် ကာကွယ်သူများအဖြစ် ပါဝင်ဆောင်ရွက်လာစေရန် (နိုင်ငံအဆင့်နှင့် ဒေသအဆင့်များ)။

၁၁။ အမျိုးသားများ၏ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာရပိုင်ခွင့်နှင့် လွှမ်းမိုးချုပ်ကိုင်မှုကို စိန်ခေါ်သည့်အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ခြင်း ကဲ့သို့သော အစီအစဉ်များတွင် အမျိုးသားများနှင့် ယောကျ်ားလေး များအား မိတ်ဖက်များ၊ ပူးပေါင်းပါဝင်သူများအဖြစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ခြင်းတွင် မိတ်ဖက်များအဖြစ် ပူးပေါင်းပါဝင်စေရန်။ အကြမ်းမဖက်ခြင်းနှင့် အမျိုး သားများဖြစ်ခြင်း၏ အပြုသဘောဆောင် သော ပူးပေါင်းဆောင်ရွက်မှုကို အသုံးချခြင်းတို့အား အားပေးမြှင့်တင်ပေးရန် (နိုင်ငံအဆင့်နှင့် ဒေသအဆင့်များ)။

၁၂။ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် ကျား-မတန်းတူညီမျှခြင်းများအပေါ် အခြေခံ၍ လေးစားမှု ပြည့်ဝပြီး တန်းတူညီမျှသည့်ဆက်ဆံရေးများ၊ အငြင်းပွားမှုတွင် အကြမ်းမဖက် ဖြေရှင်း ဆုံးဖြတ်ခြင်းများကို အားပေးမြှင့်တင်ပေးနိုင်ရန် ချစ်သူစုံတွဲများ၊ မိဘများ၊ ခမည်းခမက်များနှင့် အခြားမိသားစုဝင်များအတွက် အစီအစဉ်များ ရေးဆွဲအကောင်အထည် ဖော်ရန် (ဒေသဆိုင်ရာ အဆင့်)။

၁၃။ မတူညီသောမျိုးဆက်များအချင်းချင်းကြား အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် မိသားစုများ၊ စာသင် ကျောင်းများနှင့် ရပ်ရွာများအတွင်း အကြမ်းဖက်မှုမရှိခြင်းအား အားပေးမြှင့်တင်ရန် လမ်းညွှန်ချက်များနှင့် သင်ရိုးများရေးဆွဲသွားရန် (နိုင်ငံအဆင့်နှင့် ဒေသအဆင့်များ)။

၁၄။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား ကာကွယ်ရန်နှင့် အာဏာပိုင်များမှ အလွဲ သုံးစား မပြုလုပ်ရန် ဝန်ဆောင်မှုပေးသူများနှင့် တရားဥပဒေစိုးမိုးရေးအရာရှိ များအတွက်

ကျင့်ဝတ်စည်းကမ်းများ ရေးဆွဲ၍ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးရန် (နိုင်ငံအဆင့်နှင့် ဒေသအဆင့်များ)။

## လုပ်ဆောင်မှု ၂။ အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့ရေးဆိုင်ရာ ဝန်ဆောင်မှုများ

၁၅။ ဝန်ဆောင်မှုစနစ်များစွာအကြားတွင် ထိရောက်သည့် ညွှန်းပို့စနစ်လမ်းကြောင်းများ ပါဝင်သည့် တရားရေးစနစ်ကို လက်လှမ်းမီရရှိနိုင်ရန် ကူညီမှုများအပြင် ဆေးဘက် ဆိုင်ရာနှင့် စိတ်ကျန်းမာရေး စောင့်ရှောက်မှုများ၊ ဆွေးနွေးတိုင်ပင်ခြင်းဝန်ဆောင်မှုများ၊ တရားရေး ကူညီမှုများ၊ စကားပြန်နှင့်ဘာသာပြန်လုပ်ငန်းဝန်ဆောင်မှုများ၊ ၂၄/၇ (၂၄နာရီ) ဖုန်းနှင့်အွန်လိုင်း Hotline ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းနှင့် ငွေကြေး ထောက်ပံ့မှုများကို အကန့်အသတ် မထားရှိဘဲ ပံ့ပိုးပေးသည့် ပေါင်းစည်းကူညီမှု စနစ်ဖြင့် အကြမ်းဖက်ခံရသူများ/ အသက်ရှင် ကျန်ရစ်သူများ အတွက် ကဏ္ဍပေါင်းစုံ ညှိနှိုင်းချိတ်ဆက်မှုရှိသည့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ ပေးရန် (ဒေသဆိုင်ရာအဆင့်)။

၁၆။ အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့ ကလေးများအတွက် ဘေးကင်း လုံခြုံကာ ကိုယ်ရေးကိုယ်တာကိစ္စရပ်များအား လျှို့ဝှက်ထိန်းသိမ်းပေးသည့် ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ဥပဒေဝန်ဆောင်မှုများ ကဲ့သို့ ဝန်ဆောင်မှုများ ပေးဆောင်ခြင်းအတွက် စံလုပ်ငန်း လမ်းညွှန်ချက်များ (SOPs) ရေးသား အကောင်အထည်ဖော်ဆောင်ရွက်ကာ စောင့်ကြည့်စစ်ဆေးသွားရန် (နိုင်ငံအဆင့်)။

၁၇။ အမျိုးသမီးများအားလုံး အထူးသဖြင့် ခွဲခြားဆက်ဆံမှုပုံစံ အများအပြားအား တွေ့ကြုံ ခံစားနေကြရသော အမျိုးသမီးများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် နယ်မြေဒေသ အားလုံးတွင် အရည်အချင်းပြည့်မီ၍ ကျား-မရေးရာ အလေးထားရှုမြင် တတ်သော ဝန်ဆောင်မှု

ပေးသူများဖြင့် လုံလောက်ပြီးအကျိုးသက်ရောက်မှုရှိသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ထောက်ပံ့မှုစနစ်အား ပေးဆောင်သွားရန် (နိုင်ငံအဆင့်)။

၁၈။ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခဖြစ်ပွားမှုများနှင့် အခြားသော အရေးပေါ်အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အားလုံးအပြင် ဘေးအန္တရာယ် လျှော့ချရေး စီမံချက်များနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံအားလုံးကို ကြိုတင်တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးများ ပါဝင်ထည့်သွင်းရန် (နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်များ)။

၁၉။ အမျိုးသမီးများ၏ စွမ်းဆောင်ရည်၊ စီးပွားရေးဆိုင်ရာ မှီခိုမှုကင်းလွတ်ခြင်းနှင့် တန်ဖိုးသင့်အိမ်များ ရရှိနိုင်ခြင်းတို့အား ပံ့ပိုးပေးရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင် ကူညီရှာဖွေပေးခြင်း အစီအစဉ်များ၊ အစရှိသည်တို့မှနေ၍ အကြမ်းဖက်ခံရသူ/ အသက်ရှင် ကျန်ရစ်သူများအား ပုံမှန်ဘဝသို့ ပြန်လည်ထူထောင်နိုင်စေရေး ကူညီထောက်ပံ့ခြင်း ဝန်ဆောင်မှုများ ပေးဆောင်ရန်။ အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများ အား အမျိုးသမီးခေါင်းဆောင်များ၊ EVAW အသိပညာပေးသူများနှင့် ရပ်တည်ကာကွယ်ပေးသူများအနေဖြင့် ခေါင်းဆောင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာတို့အား ထောက်ကူပေးရန် (နိုင်ငံအဆင့်)။

၂၀။ အကြမ်းဖက်ခံနေရသည့် ကာလအတွင်း အကြမ်းဖက်ခံနေရသူများအတွက် မီးမဖွားမီ၊ မီးဖွားပြီးနှင့် မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးမှုများ ပေးနိုင်ရန်အတွက် ဆေးလျင်စွာ စိစစ်နိုင်သည့် နည်းလမ်းများနှင့် လွှဲပြောင်းပေးအပ်မှုများ ပြုလုပ်ရန်နှင့် အခြားသော

ဝန်ဆောင်မှုပေးသူများအား အကြမ်းဖက်ခံရသူများ၏ နေအိမ်များသို့ အလှည့်ကျသွားရောက် ကြည့်ရှုပေးမှုကို အားပေးခြင်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် (နိုင်ငံအဆင့်)။

၂၁။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း ဖြစ်ပွားမှုများနှင့် အန္တရာယ်နှင့် ကြုံတွေ့နိုင်ရသည့် အမျိုးသမီးများအား ရှာဖွေ၍ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် အကြမ်း ဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများအား ကူညီထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် ရပ်ရွာအခြေပြု နည်းစနစ်များအား ထူထောင်၍ ထောက်ကူပေးရန် (နိုင်ငံအဆင့်)။

၂၂။ အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများအား ဝန်ဆောင်မှုပေးနေသည့် အမျိုးသမီးများ၏ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်သူများ/ ကျား-မ တန်းတူညီမျှရေး အသိပညာပေးသူများ၊ အတတ်ပညာရှင်များနှင့် ဝန်ဆောင်မှုပေးသူများအတွက် အလုံးစုံပါဝင်သည့် ကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် စီမံချက်များ ပြဋ္ဌာန်းရန် (နိုင်ငံအဆင့်)။

၂၃။ အိမ်တွင်းမှု အလုပ်သမားများ အပါအဝင် သမာရိုးကျနယ်ပယ်ဖြစ်စေ၊ သမာရိုးကျမဟုတ်သော နယ်ပယ်ဖြစ်စေ လုပ်ငန်းခွင်အားလုံးတွင် နှိပ်စက်ညှဉ်းပမ်းမှုနှင့် ထိပါးနှောင့်ယှက်မှုများအတွက် စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း များရှိသည့် ကျား-မ တန်းတူအလေးထားရှုမြင်သော ထိရောက်သည့် တိုင်ကြားမှုစနစ်အား ဖန်တီးရန် သို့မဟုတ် အားကောင်းစေရန် (နိုင်ငံအဆင့်)။

## လုပ်ဆောင်မှု ၃။ တရားရေး မူဘောင်၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်မှုစနစ်

၂၄။ CEDAW၊ CRC နှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းတွင် ရေးသားထားသည့် တာဝန်များကို လိုက်နာ၍ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ထိရောက်သောညှိနှိုင်းချိတ်ဆက်မှုရှိသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံ အားလုံးအပေါ် အရေးယူလုပ်ဆောင်ရန် အတွက်

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ပပျောက်စေရေး
အမျိုးသားအဆင့် လုပ်ငန်းစီမံချက်

နိုင်ငံအဆင့် ဥပဒေပြဋ္ဌာန်းမှုအား ကျားမဆိုင်ရာ အလေးထားအကောင်အထည်ဖော်၍ လက်ခံကျင့်သုံးရန် (နိုင်ငံအဆင့်)။

၂၅။ ဓလေ့ထုံးတမ်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ ဥပဒေများအပါအဝင် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသည့် ခွဲခြားဆက်ဆံမှုဆိုင်ရာ အလေ့အကျင့်များ အားလုံးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဆက်လက်တည်ရှိစေသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အလေ့အကျင့်များနှင့် ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ အမျိုးသမီးလိင်အင်္ဂါဖြတ်တောက်မှု (FGM) နှင့် ဂုဏ်သိက္ခာအရ သတ်ဖြတ်ခြင်း (Honour killings) တို့၏ အကြောင်းခံကို သေးသိမ်စေသည့် "ဂုဏ်သိက္ခာကို ကာကွယ်ခြင်း"အား လက်ခံသည့် ဥပဒေ ပြဋ္ဌာန်းချက်များ အားလုံးကို ပြန်လည် သုံးသပ်၍ ပြင်ဆင်ရန်။ ဓလေ့ထုံးတမ်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ ဥပဒေတွင်ဖြစ်စေ၊ ပုံမှန်တရားရေးစနစ် တွင်ဖြစ်စေ၊ အမှုကိစ္စရပ်များအား သက်ဆိုင်ရာ ကျားမတန်းတူညီမျှရေး နိုင်ငံတကာဝတ္တရားများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့်အညီ အကြမ်းဖက်ခံရသူများ/ အသက်ရှင် ကျန်ရစ်သူများ၏ လူ့အခွင့်အရေးအပေါ် လေးစားမှုအပြည့်ဖြင့် ဖြေရှင်းသင့်ပါသည်။ အကြမ်းဖက် ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများ၏ လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဂုဏ်သိက္ခာများအပေါ် အာမခံနိုင်ရေးတို့သည် တရားရေးကဏ္ဍအတွင်းရှိ တာဝန်ထမ်းဆောင်ထားသူ အားလုံးအပေါ် တွင် တာဝန်ရှိသည် (နိုင်ငံအဆင့်)။

၂၆။ ပြည်သူတစ်ဦး၏ ရပိုင်ခွင့်ကို အသုံးပြုနေသည့် အစိုးရကိုယ်စားပြု ပုဂ္ဂိုလ်များ၊ အာဏာရှိ ပုဂ္ဂိုလ်များနှင့် ကင်းလွတ်ခွင့်ရှိသူများ အပါအဝင် အကြမ်းဖက်မှု ကျူးလွန် သူအားလုံးအတွက်

လွတ်ငြိမ်းချမ်းသာခွင့်များ ရပ်ဆိုင်းရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံအားလုံးကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုကာ ပြစ်ဒဏ်ချမှတ်နိုင်ရန် (နိုင်ငံအဆင့်)။

၂၇။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်ရာတွင် ရာဇဝတ်မှု တရားစီရင်ရေးစနစ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပြီး စောင့်ကြည့်အကဲဖြတ်ရန်။ ၎င်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ ပုံစံများအပေါ် ရာဇဝတ်မှု တရားစီရင်ရေးစနစ်မှနေ၍ မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်နေကြောင်းကို စုံစမ်းစစ်ဆေးမှုများ ပါဝင်ပြီး အကြမ်းဖက်ခံရသူ များ/ အသက်ရှင်ကျန်ရစ်သူများအတွက် တရားရေးထောက်ပံ့မှုနှင့် အခြားသော တရားရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှု၊ တရားရုံးများ၏ အမိန့်ချမှတ်ခြင်းများအား စောင့်ကြည့်မှု၊ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ စုံစမ်းစစ်ဆေးမှုများ တို့ဖြစ်သည်။ (နိုင်ငံအဆင့်)။

၂၈။ VAW ပုံစံသစ်များဖြစ်သည့် အင်တာနက် (Cyber space) တွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုများအား သိရှိလက်ခံကာ ဥပဒေများတွင် ထည့်သွင်းသုံးသပ်၍ ပြင်ဆင်ရေးဆွဲရန် (နိုင်ငံအဆင့်)။

၂၉။ "နွမ်းနယ်နေသည့် အမျိုးသမီး၏ လက္ခဏာ" အား သိရှိလက်ခံရန်နှင့် တရားရုံးတွင် စီရင်ချက်ချခြင်းများတွင် ကျားမရေးရာ တရားသေအမြင်များအား ပပျောက်စေရန် အတွက် ဥပဒေပညာရပ်အား တိုးတက်ပြောင်းလဲရန် (နိုင်ငံအဆင့်)။

၃၀။ အမျိုးသမီးများ တရားမျှတမှုရရှိရေးအတွက် အောက်ပါယန္တရားများကို တည်ဆောက်ရန်

(၁) လုပ်ပိုင်ခွင့်ရှိသည့် ဝန်းကျင်အား ဖန်တီးခြင်း။

(၂) ၎င်းတို့ ကြုံတွေ့နေရသည့် အတားအဆီးများ ဖယ်ရှားပေးခြင်း။

(၃) ငွေကြေးမတတ်နိုင်သည့် အကြမ်းဖက်ခံရသူများ/ အသက်ရှင်ကျန်ရစ်သူများ အတွက် ထိရောက်၍ တတ်နိုင်သည့်/အခမဲ့ ဥပဒေဆိုင်ရာ အကူအညီများ ပေးဆောင်ခြင်း။

(၄) တရားမျှတ၍ ထိရောက်သော နစ်နာကြေးနှင့် ကုသရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်း။

(၅) ၎င်းတို့ ခံစားခဲ့ရသည့် ထိခိုက်မှုများအတွက် လျော်ကြေးများ ပေးဆောင်ခြင်း (နိုင်ငံအဆင့်)။

၃၁။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာ အမှုကိစ္စများအား အချိန်တိုနှင့် ထိရောက်စွာ ကိုင်တွယ်ခြင်းအား အာမခံပေးသည့် တစ်နေရာတည်းတွင် အားလုံးရရှိနိုင်သည့် စင်တာများ (One-stop centers) နှင့် အထူးပြုထားသည့် တရားစီရင်ရေးစနစ်များ သို့မဟုတ် တရားစွဲဆိုခြင်းများ ဖန်တီး၍ ပေးဆောင်ခြင်းများ၊ ဥပမာအားဖြင့် တရားခွင်အတွင်း တီဗီဖန်သားပြင်များအသုံးပြုခြင်း၊ ရုပ်သံဖြင့် ရိုက်ကူးထားသော ထွက်ဆိုချက်များ၊ ပြောဆိုမှုအထောက်အကူပြုပစ္စည်းများ အသုံးပြုခြင်း၊ အများပြည်သူမှ ဝင်ရောက်ကြည့်ရှုခွင့်အား ကန့်သတ်ခြင်းစသဖြင့် အကြမ်းဖက်ခံရသူများအား ဗဟိုပြုသောကျားမတန်းတူ အလေးထားရှုမြင်သည့် တရားရေးရာ စီမံခန့်ခွဲမှုအား ပိုမိုအားကောင်းစေရန် (နိုင်ငံအဆင့်)။

၃၂။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား ကျားမတန်းတူ အလေးထားရှုမြင်၍ တုံ့ပြန်နိုင်ရန်အတွက် တရားစီရင်ရေးစနစ်၏ လုပ်ကိုင်နိုင်စွမ်းအား ပိုမိုအားကောင်း လာစေရန်။ VAW ပုံစံအားလုံးနှင့် စပ်လျဉ်း၍ အတင်းအကျပ် ဖျန်ဖြေပေးခြင်းနှင့် ပြန်လည်သင့်မြတ်စေခြင်းတို့ အပါအဝင် အငြင်းပွားမှုကို မဖြစ်မနေ အတင်းအကျပ် ဖြေရှင်းသည့် နည်းလမ်းများအား တားမြစ်ရန် (နိုင်ငံအဆင့်)။

၃၃။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအားတုံ့ပြန်ရန်နှင့် လုံလောက်သော ရန်ပုံငွေ ထောက်ပံ့ရန် တရားဥပဒေစိုးမိုးရေး၊ အစိုးရရှေ့နေများ၊ တရားရုံးစနစ်များ နှင့် /သို့ မဟုတ် ဥပဒေရေးရာလုပ်ငန်းစဉ်များကို ဖန်တီးရန် နှင့်/သို့မဟုတ် မြှင့်တင်ရန်

(၁) ထိခိုက်လွယ်သည့် အကြမ်းဖက်ခံရသူ/ ရှင်သန်ကျန်ရစ်သူများကို နေရာချထား ပေးရာတွင် ဥပဒေဆိုင်ရာ နယ်ပယ်ရှိ တိုက်ရိုက်ထိတွေ့ရသည့် ဝန်ထမ်းများ အထူးသဖြင့် အမျိုးသမီးများအား ပိုမိုခန့်ထားခြင်း

(၂) VAW အတွက် လုံ့လောက်ပြည့်ဝသည့် အထူးလေ့ကျင့်သင်တန်းပေးရန်

(၃) တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေး အလေ့အကျင့်များနှင့် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ရန်

(၄) တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ၏ ဖြစ်ရပ်များ အား တုန့်ပြန်ဆောင်ရွက်မှုအားကောင်းလာစေရန် ကုလသမဂ္ဂ၏ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေညာချက်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ကြေညာချက် နှင့် CEDAW တို့ကို ထိန်းသိမ်းလိုက်နာ၍ အနိမ့်ဆုံး စံနှုန်းများကို တိုးမြှင့်/ထူထောင်ရန် (နိုင်ငံအဆင့်)

၃၄။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပုံစံအားလုံးနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခံရသူ/ ရှင်သန်လွတ်မြောက်လာသူများအားလုံးနှင့် အမျိုးသမီးများ၏ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ ကျားမတန်းတူညီမျှရေးကို ထောက်ခံအားပေးသူများနှင့် ဝန်ဆောင်မှုပေးသူ များအား ထိရောက်ပြီး အရေးပေါ်အကာအကွယ်ပေးသည့် အမိန့်ထုတ်ပြန်ရန်။ အဆိုပါ အကာအကွယ်ပေးသည့် အမိန့်များ ချိုးဖောက်ခြင်းကို အရေးယူသင့်ပြီး အကောင်အထည် ဖော်မှုကို အနီးကပ်စောင့်ကြည့်သင့်သည်။ (နိုင်ငံအဆင့်)

အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေး
အစီအစဉ်များ

၃၅။ အာဆီယံအနေဖြင့် တရားစီရင်မှုများတွင် နယ်စပ်ဖြတ်ကျော် ကာကွယ်ပေးသည့် အမိန့်များအား ပြဋ္ဌာန်းနိုင်ရေးကို အသိအမှတ်ပြုဦးတည်လုပ်ဆောင်၍ ပြည်နှင်ဒဏ် ပေးခံရခြင်း၊ တရားဝင်မှု အခြေအနေဆုံးရှုံးသွားခြင်း သို့မဟုတ် ကလေးသူငယ် အုပ်ထိန်းခွင့်အား ရုတ်သိမ်းမည်ကို ကြောက်ရွံ့သည့်အတွက် အမျိုးသမီးများအား လူဝင်မှုကြီးကြပ်ရေး ဥပဒေများနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အကြမ်းဖက်ခံရသည့် အခြေအနေများမှ ထွက်ခွာခြင်း သို့မဟုတ် ရင်ဆိုင်ဖြေရှင်း ခြင်းများမှ တားဆီးမှုမရှိစေရန်အား သေချာစေရန်/ တိုးမြှင့် ဆောင်ရွက်ရန် (ဒေသဆိုင်ရာအဆင့်)။

၃၆။ ဥပဒေနှင့် တရားစီရင်ရေးလုပ်ငန်းစဉ် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တရားများမှတဆင့် ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများ၊ ဘေးအန္တရာယ်များနှင့် မငြိမ်သက်သည့် အခြေအနေများဖြစ်ပွားနေစဉ် သို့မဟုတ် ဖြစ်ပွားပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော VAW ဖြစ်ရပ်များအပေါ် တာဝန်ရှိသူများ၏ တာဝန်ခံမှု ရှိစေရန်၊ ထိုကဲ့သို့သော လုပ်ငန်းစဉ်များ၌ အမျိုးသမီးများ အပြည့်အဝ ထိရောက်စွာ ပါဝင်မှုရှိရန်နှင့် အကြမ်းဖက်ခံရသူ/ ရှင်သန် ကျန်ရစ် သူများသည် နစ်နာကြေး၊ လျော်ကြေး များနှင့် အခြားကုစားမှုများ ရရှိစေရန်။ (နိုင်ငံအဆင့်)

၃၇။ အကြမ်းဖက်ခံရသူ/ ရှင်သန်ကျန်ရစ်သူများနှင့် မိသားစုဝင်များ ရေရှည်ရပ်တည်နိုင်ရေး အတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရှိစေရန် ဥပဒေပြုရေးကို တည်ထောင် /တိုးတက် ကောင်းမွန်အောင် ပြုလုပ်ရန်နှင့် သင့်လျော်မည်ဆိုပါက ပြစ်မှုကျူးလွန်သူများကို နေအိမ်မှ ဖယ်ရှားသင့်ပါသည် (နိုင်ငံအဆင့်)။

## လုပ်ဆောင်မှု ၄။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

၃၈။ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျားမရေးရာ တန်းတူညီမျှမှုရှိခြင်းနှင့် ယဉ်ကျေးမှုဓလေ့များအား အလေးထားရှုမြင်ခြင်း၊ အကြမ်းဖက်ခံရသူအား ဗဟိုပြုသည့် ဝန်ဆောင်မှုများ ပေးရန်နှင့် ကျန်းမာရေးနှင့် လူမှုရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ အစိုးရရှေ့နေများ၊ တရားသူကြီးများနှင့် စေ့စပ်ညှိနှိုင်းရေး အဖွဲ့များကဲ့သို့ ကဏ္ဍပေါင်းစုံအဖွဲ့များနှင့် အခြားသက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ/ဝန်ဆောင်မှုပေးသူများအတွက် လေ့ကျင့်ရေး အစီအစဉ်များနှင့် လက်စွဲစာအုပ်များရေးဆွဲပေးရန် (နိုင်ငံအဆင့်)။

၃၉။ ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများကို ခုခံတွန်းလှန်နိုင်ရန်၊ အမျိုးသမီးတို့၏ ကိုယ်ပိုင်လွတ်လပ်စွာဆုံးဖြတ်ခွင့်ကို ကျင့်သုံးရန်နှင့် အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍတွင် ၎င်းတို့၏ ဖြစ်တည်မှုသဘောသဘာဝကို စေ့စပ်ဆွေးနွေးရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သည့် အစီအစဉ်များကိုရေးဆွဲပေးရန် (နိုင်ငံအဆင့်)။

၄၀။ စိတ်သဘောထားပြောင်းလဲခြင်းများနှင့် အပြုအမူပြောင်းလဲခြင်းများနှင့်ပတ်သက်သည့် အလားအလာရှိသော ပုံစံများနှင့် အလေ့အကျင့်ကောင်းများကို ပြန်လည်သုံးသပ်ခြင်းဖြင့် အကြမ်းဖက်ခံရသူများနှင့် ပြစ်မှုကျူးလွန်သူများအတွက် လေ့ကျင့်ရေးအစီအစဉ်များ ရေးဆွဲပေးခြင်း။ ရေးဆွဲပေးသည့် အစီအစဉ်တွင် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော အကြောင်းအရင်းအပါအဝင် အကြမ်းဖက်မှု၏ အရင်းအမြစ်များကို ဖြေရှင်းပေးသင့်ပြီး အရက်သေစာနှင့် မူးယစ်ဆေးဝါးစွဲခြင်း ကဲ့သို့သော အခြားကုစားမှု အစီအစဉ်များလည်း ပါဝင်သင့်ပါသည် (နိုင်ငံအဆင့်)။

၄၁။ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု နှင့်ပတ်သက်သော အချက်အလက်များကို စုဆောင်းနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင် ရည်ကိုမြှင့်တင်ရန် (နိုင်ငံအဆင့်)။

၄၂။ အပြောင်းအလဲကို စောင့်ကြပ်ကြည့်ရှုရန် မူဝါဒနှင့် အစီအစဉ်များအတွက် VAW ၏ အချက်အလက်များကို စုဆောင်းရန်၊ အဓိပ္ပါယ်ကောက်ရှင်းလင်းရန်နှင့် အသုံးပြုနိုင်စွမ်းရည်ကို တိုးမြှင့်နိုင်ရန် သက်ဆိုင်သည့် ပါဝင်ဆောင်ရွက်သူများအတွက် လုပ်ထုံးလုပ်နည်း ကျင့်ဝတ်များ၊ လက်စွဲစာအုပ်နှင့် လေ့ကျင့်သင်တန်းပေးခြင်းများ ရေးဆွဲအကောင်အထည်ဖော်ရန် (နိုင်ငံအဆင့်)။

၄၃။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာဖြစ်ရပ်များ၏ ကျားမရေးရာအလေးထားသည့် အမြင်ဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဖြစ်နိုင်ချေရှိ၍ လက်တွေ့ကျကာ အောင်မြင်ပြီးသော မူဝါဒနှင့် အစီအစဉ်များ အပါအဝင် အလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများ လက်စွဲစာအုပ်များအား ဒေသတွင်းမျှဝေမှုကို မြှင့်တင်ရန်။ ဆိုရှယ်မီဒီယာနှင့် စွမ်းရည်မြှင့်တင် ရေးလုပ်ငန်းများမှတစ်ဆင့် အခြားအခြေအနေများတွင် အောင်မြင်သော ဖြေရှင်းဆောင်ရွက်မှုများနှင့် အတွေ့အကြုံများကို အသုံးပြုခြင်းအား မြှင့်တင်ရန်။ (ဒေသအဆင့်)

**လုပ်ဆောင်မှု ၅။ သုတေသနနှင့် အချက်အလက်ကောက်ယူမှု**

၄၄။ လက်ရှိကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်လမ်းညွှန်ချက်များနှင့်အညီ ကိုက်ညီသည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု အချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် လေ့လာဆန်းစစ်ရေး ဒေသတွင်းလမ်းညွှန်ချက်များ ရေးဆွဲခြင်း (ဒေသအဆင့်)

၄၅။ VAWG ဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းသည့် နိုင်ငံဆိုင်ရာ အချက်အလက်စနစ်များ ရေးဆွဲခြင်းနှင့်/သို့မဟုတ် တိုးတက်အောင် ဆောင်ရွက်ခြင်း။

အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး ဒေသဆိုင်ရာလုပ်ငန်းစီမံချက်
အာဆီယံ ဒေသတွင်းလုပ်ငန်းစီမံချက်

နိုင်ငံဆိုင်ရာ အချက်အလက်စနစ်များတွင် အောက်ပါအကြောင်းအရာများ ပါဝင် သင့်သည်။ ၎င်းတို့မှာ–

(၁) ညွှန်းကိန်းများနှင့်အညီ ဖြစ်ပွါးမှုဆိုင်ရာ အချက်အလက်များ

(၂) VAWGနှင့်ဆက်စပ်သည့် အန္တရာယ်ကျရောက်လွယ်သည့် ကာကွယ်ပေးနိုင်သော အချက်များ

(၃) VAWG ပုံစံအားလုံး၏ အကျိုး သက်ရောက်မှုများ နှင့် ကုန်ကျစရိတ်များ

(၄) အကြမ်းဖက်ခံရသူများ/ရှင်သန်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုများကို သုံးစွဲနိုင်မှုများ

(၅) ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အကြမ်းဖက်ခံရသူများ၏ စိတ်ကျေနပ်မှု နှင့်

(၆) ဘေးအန္တရာယ်နှင့် ပဋိပက္ခ အခြေအနေများအတွင်းရှိ VAW များ (နိုင်ငံအဆင့်) တို့ဖြစ်သည်။

၄၆။ ထိရောက်သော မူဝါဒဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးအတွက် နိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ပိုမိုကောင်းမွန်စေရန် အဖွဲ့အစည်းများနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများ (CSOs)အကြား အချက်အလက်ကောက်ယူမှုများနှင့် ၎င်းတို့၏ အသုံးပြုပုံများကို ပေါင်းစည်းစေခြင်းနှင့် အချက်အလက်ကောက်ယူမှုများနှင့် စပ်လျဉ်းနေသော လျှို့ဝှက်ထိန်းသိမ်းမှုများ၊ ကျင့်ဝတ်များနှင့် လုံခြုံရေးများ တိုးတက်ကောင်းမွန်စေခြင်း (နိုင်ငံအဆင့်)

၄၇။ VAW ပုံစံအားလုံးနှင့် ၎င်းတို့၏ နောက်ခံအကြောင်းအရင်းများနှင့် ပတ်သက်သော သုတေသန ကွာဟချက်များကို အရည်အသွေးနှင့် ဆန်းစစ်ခြင်းနှင့် အရေအတွက် ဆိုင်ရာ သုတေသနများ ဆောင်ရွက်ခြင်း (နိုင်ငံတော်အဆင့်)

၄၈။ သက်သေအထောက်အထားများအား အခြေခံသော မူဝါဒများ၊ အစီအစဉ်များ၊ လုပ်ငန်းစဉ်များနှင့် ဥပဒေများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော မူဝါဒများနှင့် အစီအစဉ်များ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း

## လုပ်ဆောင်မှု ၆။ စီမံအုပ်ချုပ်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှု၊ စောင့်ကြည့်မှု နှင့် အကဲဖြတ်မှု

### ၆။(၁) စီမံအုပ်ချုပ်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှု

၄၉။ သက်ဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြား အဓိက ပါဝင်ဆောင်ရွက်သူများအားလုံး၏ ပါဝင်မှုနှင့်အတူ သတ်မှတ်ကာလဖြင့် ကဏ္ဍပေါင်းစုံ နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲ အကောင်အထည်ဖော်ခြင်း။ နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ဆိုင်ရာ အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် အဆင့်တိုင်း၌ လုံလောက်သော ဘဏ္ဍာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ထောက်ပံ့ပေးခြင်းနှင့် ရှင်းလင်းစွာ သတ်မှတ်ထားသော ညွှန်းကိန်းများ နှင့် ရည်မှန်းချက်များ မရှိမဖြစ်လိုအပ်ပါသည် (နိုင်ငံအဆင့်)။

၅၀။ နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များ အား ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် လိုက်နာမှုရှိစေရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ အစည်းများနှင့် ဖွဲ့စည်းပုံများ တည်ထောင်ခြင်းနှင့်/သို့မဟုတ် ပိုမိုအားကောင်းစေရန် ယင်း ယင်းလုပ်ဆောင်မှု အစီအစဉ်များသည် ဘေးဖယ်ခြင်းခံရသော အမျိုးသမီးများ အပါအဝင် မတူကွဲပြားသော အမျိုးသမီးအုပ်စုများ၏ အသေးစိတ်လိုအပ်ချက်များအား စီမံကိန်းရေးဆွဲခြင်း၊

ဖြန့်ဝေခြင်းနှင့် စောင့်ကြည့်ခြင်းနှင့် တိုးတက်မှု အစီရင်ခံစာများကို ပြည်သူလူထုနှင့် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများအားလုံး သိရှိစေရန်။ (နိုင်ငံ အဆင့်)

၅၁။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး အဓိကဆောင်ရွက်ချက်များအတွက် ကဏ္ဍအားလုံးတွင် လုံလောက်သော ဘဏ္ဍာရေး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိစေခြင်း။ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ ဖော်ပြပြီး ရန်ပုံငွေ အရင်းအမြစ်များကို ဖော်ထုတ်ရန်။ (နိုင်ငံအဆင့်)

၅၂။ CEDAW၊ CRC၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာနှင့် အကြမ်းဖက်မှုပုံစံအားလုံးကို ပပျောက် ရေးနှင့် သက်ဆိုင်သော အခြား စာချုပ်အဖွဲ့များမှ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းများတွင် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ အကူအညီဖြင့် အစိုးရများ၏ နိုင်ငံအဆင့် အမျိုးသမီးယန္တရားများအတွက် အရင်းအမြစ်များ ထပ်မံခွဲဝေချထားပေးခြင်းများ အပါအဝင် တည်ဆဲနိုင်ငံအဆင့်ယန္တရားများအား ပိုမိုခိုင်မာစေရန်။ (နိုင်ငံအဆင့်)

၅၃။ ဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေများကို ကာကွယ်ရေးနှင့် တုံ့ပြန်ရေး ယန္တရားများအပါအဝင် EVAW အတွက် နိုင်ငံအဆင့် ညှိနှိုင်းမှုယန္တရားများကို ဖော်ဆောင်ရန်။ (နိုင်ငံအဆင့်)

၆။(၂) စောင့်ကြည့်မှု နှင့် အကဲဖြတ်မှု

၅၄။ ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်စေရေးကို မြှင့်တင်ရန်အတွက် အစိုးရအဖွဲ့အစည်းများအကြား ညီညွတ်သော ကဏ္ဍစုံညှိနှိုင်း

ဆောင်ရွက်မှုကို သေချာစေရန် နိုင်ငံအဆင့်မူဝါဒ၏ အခြားကဏ္ဍများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်။ (နိုင်ငံအဆင့်)

၅၅။ အမျိုးသမီးအဖွဲ့အစည်းများနှင့် အကြမ်းဖက်ခံရသူ/ရှင်သန်ကျန်ရစ်သူများ၏ လေးနက်စွာ ပါဝင်မှုနှင့်အတူ ညွှန်းကိန်းများ သတ်မှတ်ခြင်းနှင့် နိုင်ငံအဆင့် လုပ်ဆောင်မှု အစီအစဉ်များကို ကာလအလိုက်အကဲဖြတ်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်သည့်စနစ်ကို တိုးတက်ကောင်းမွန်စေရန် သို့မဟုတ် ထူထောင်ရန်။ (နိုင်ငံအဆင့်)

**လုပ်ဆောင်မှု ၇။ မိတ်ဖွဲ့မှု နှင့် ပူးပေါင်းဆောင်ရွက်မှု**

၅၆။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA ကို အကောင်အထည်ဖော်ရန်။ (နိုင်ငံအဆင့်)

၅၇။ အဖွဲ့အစည်းဆိုင်ရာ အခြေအနေများအတွင်း VAW ကို ကိုင်တွယ်ဖြေရှင်းသည့် အဖွဲ့အစည်းများအတွင်းရှိမူဝါဒများနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍပိုမိုပါဝင်ပတ်သက်မှုကို အားပေးရန်။ (နိုင်ငံအဆင့်)

၅၈။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးတွင် ထူးချွန်စွာ အောင်မြင်မှုများ ရရှိခဲ့သည့် တစ်ဦးချင်း၊ အဖွဲ့လိုက်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုရန်။ (နိုင်ငံ အဆင့်)

၅၉။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား အဆုံးသတ်ရန်အတွက် အာဆီယံ မဏ္ဍိုင်သုံးခုအကြား ညှိနှိုင်းမှုမဟာဗျူဟာများ တည်ဆောက်ရန်နှင့်/သို့မဟုတ် ခိုင်မာအောင်

အမျိုးသမီးများအားဖွံ့ဖြိုးရေးနှင့် တိုးတက်ရေး ပါဝင်ဆောင်ရွက်သည့် အထွေထွေ

ပြုလုပ်ရန်နှင့် ကဏ္ဍပေါင်းစုံ ကာကွယ်တားဆီးရေးနှင့် ကဏ္ဍများအားလုံးတွင် VAW အား တုန့်ပြန်မှုကို ထိရောက်စွာ ဖော်ဆောင်ပံ့ပိုးပေးရန်။ (နိုင်ငံနှင့် ဒေသအဆင့်)

၆၀။ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်း၊ဒေသတွင်း သုတေသနများ ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်ခံရသူများ/ရှင်သန်ကျန်ရစ်သူများအား အကူအညီပေး နိုင်ရေးအတွက် နှစ်နိုင်ငံ၊ ဒေသခွဲနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်။ ထိရောက်သော VAW ကြိုတင်ကာကွယ်ရေးနှင့် တုန့်ပြန်မှုများတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ဖလှယ်ခြင်းနှင့် ကောင်းသော အလေ့အကျင့်များကို မျှဝေခြင်း များ ပြုလုပ်သင့်သည်။ (နိုင်ငံနှင့် ဒေသအဆင့်)

၆၁။ EVAW နှင့်ပတ်သက်သည့် အခြားဒေသဆိုင်ရာ/နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက် ပူးပေါင်းလုပ်ကိုင်ရာတွင် အမျိုးသားအဖွဲ့အစည်းများ၏ တက်ကြွသော အခန်းကဏ္ဍကို တိုးမြှင့်ရန်။ (ဒေသအဆင့်)

## လုပ်ဆောင်မှု ၈။ ပြန်လည်သုံးသပ်မှုနှင့် ဆက်သွယ်မှု

၈။(၁) အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ခြင်း

၆၂။ ACWC ၏ ကိုယ်စားလှယ်များသည် ACWC သို့ EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှု၊ နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များနှင့် အမျိုးသားအဆင့်များရှိ အခြား လုပ်ဆောင်မှုများကို နှစ်စဉ် အစီရင်ခံတင်ပြရန်။ EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တိုးတက်မှုနှင့်ပတ်သက်၍ ACWC နှင့် ACW တို့မှ နှစ်စဉ်အစီအရင်ခံစာများ ဝေမျှရန်နှင့် ဖြန့်ဖြူးရန်။ (နိုင်ငံနှင့် ဒေသအဆင့်)

၆၃။ ACWC နှင့် ACW တို့သည် ပူးပေါင်းပါဝင် ချဉ်းကပ်သည့် နည်းလမ်းကို အသုံးပြု၍ အခြေအနေများပြောင်းလဲလာမှုကို သိရှိနိုင်ရေးအတွက် ၅ နှစ်အကြာတွင် EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA ကို ပြန်လည်သုံးသပ်ရန်။ ပြန်လည်သုံးသပ်ခြင်း၏ တွေ့ရှိချက်များကို အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေးတွင် တင်ပြရန်။ (ဒေသအဆင့်)

၆၄။ အာဆီယံတွင် VAW ၏ အခြေအနေနှင့် ပတ်သက်သည့် အချိန်သတ်မှတ်ထားသော ရည်မှန်းချက်များ၏ တိုးတက်မှုအခြေအနေများကို သိရှိနိုင်ရန်အတွက် တာဝန်ခံမှုရှိသော မှုဘောင်တစ်ခုချမှတ်ရန်။ (ဒေသအဆင့်)

၈။( ၂) အကောင်အထည်ဖော်ရေးနှင့် တိုးတက်ရေးအပေါ် ဆက်သွယ်မှု

၆၅။ ACWC နှင့် ACW တို့သည် EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA အကောင် အထည်ဖော်ခြင်းအပေါ် လုပ်ငန်းအစီအစဉ်များ၊ အလေ့အကျင့်ကောင်းများနှင့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်မျှဝေရန်အတွက် ဝက်ဘ်ဆိုက်တစ်ခု တည်ထောင်ရန်။ (ဒေသအဆင့်)

၆၆။ EVAW နှင့်ပတ်သက်သည့် အာဆီယံ RPA အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အစီရင်ခံတင်ပြရန်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလုထုများ အားလုံးအပါအဝင် ပါဝင်ဆောင်ရွက်သူများအားလုံးသို့ ၎င်းအစီရင်ခံစာ များကို ဝေမျှရန်။ (နိုင်ငံနှင့် ဒေသအဆင့်)

၁၀။ ပထမ ၅ နှစ်အတွက် ဦးစားပေးနေရာများ

(က) ဒေသအဆင့်

ဒေသအဆင့် အာဆီယံ RPA ၏ ပထမ ၅ နှစ်အတွင်း AMS သည် ACWC နှင့် ACW တို့မှတစ်ဆင့် အောက်ပါအကြောင်းအရာများ လုပ်ဆောင်ရန် ဖြစ်သည်။

၁။ VAWနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းရန်နှင့် ဆန်းစစ်လေ့လာရန် အတွက် ဒေသဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ရန်။

ညွှန်းကိန်းများ။ ACWC နှင့် ACW တို့ ပူးတွဲသဘောတူညီထားသော နိုင်ငံတကာ စံနှုန်းများကို ဖော်ထုတ်ခြင်းအပေါ် အခြေခံ၍ လမ်းညွှန်ချက်များ ချမှတ်ကျင့်သုံးရန်။

၂။ ဗီဒီယို spots များ၊ လူမှုမီဒီယာ ပလက်ဖောင်းများနှင့် ရုပ်မြင်သံကြား လိုင်းများ အသုံးပြုခြင်းများ အပါအဝင် EVAW နှင့်ပတ်သက်သည့် ဒေသဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုများအား တိုးမြှင့်ရန်နှင့် ဖွံ့ဖြိုးရန်။

ညွှန်းကိန်းများ:

(၁) EVAW အတွက် လှုပ်ရှားမှုဆိုင်ရာပစ္စည်းများ ဖြန့်ဝေခဲ့သည့် နိုင်ငံအရေအတွက်

(၂) EVAW နှင့်ပတ်သက်သည့် သတင်းအချက်အလက်များပါဝင်သော လူမှုမီဒီယာ ပလက်ဖောင်းများအား အမြင်/ဝင်ရောက်သူ/ကြည့်ရှုသည့် အရေအတွက်

၃။ အကြမ်းဖက်ခံရသူများ/ရှင်သန်ကျန်ရစ်သူများနှင့် တရားမျှတရေး စီမံခန့်ခွဲမှုကို ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်များအပါအဝင် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုဖြစ်ရပ်များကို ကျား၊မရေးရာအလေးထား သည့်အမြင်ဖြင့် ကိုင်တွယ်ဖြေရှင်းသော (gender-sensitive handling) ဝန်ဆောင်မှု ပေးသူများအတွက် စွမ်းဆောင်ရည်စံနှုန်းများပါဝင်သည့် SOP များပေါ်ထွက်လာစေရေး လမ်းညွှန်ချက်များ ရေးဆွဲရန်။

ညွှန်းကိန်းများ။ SOP များအတွက်လမ်းညွှန်မှုများ ရေးဆွဲ ကျင့်သုံးခြင်း

(ခ) နိုင်ငံအဆင့်

AMS အနေဖြင့် နိုင်ငံအဆင့်တွင် အောက်ပါအကြောင်းအရာများအား ဆောင်ရွက်ရန် ဖြစ်သည်။

၄။ ဤစီမံကိန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အကောင်ထည်ဖော်မှုနှင့် စောင့်ကြည့်ကြီးကြပ်မှုတို့ကို ညှိနှိုင်းဆောင်ရွက်ရန် ကဏ္ဍပေါင်းစုံနှင့် အဖွဲ့အစည်းများအကြားရှိ ယန္တရားများမှ တစ်ဆင့် နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲရန်နှင့်/သို့မဟုတ် ခိုင်မာစေလာရန်။

ညွှန်းကိန်းများ။

(၁) နိုင်ငံအဆင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အစီအစဉ်များ ရှိသည့် နိုင်ငံအရေအတွက်

(၂) နိုင်ငံအဆင့် ကဏ္ဍပေါင်းစုံနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှု ရှိသော နိုင်ငံအရေအတွက်

(၃) လိုလောက်သော အရင်းအမြစ်များနှင့်အတူ sub-national ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ ယန္တရားများရှိသည့် နိုင်ငံအရေအတွက်

၅။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပွားသည့် အချက်အလက်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ စုဆောင်းရန်။

ညွှန်းကိန်း။ ACWC နှင့် ACW တို့ ပူးတွဲသဘောတူညီထားသော နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပုံနှိပ်လျက်ရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်ပွားသည့် အချက်အလက်များကို စုဆောင်းသည့် နိုင်ငံအရေအတွက်

အမျိုးသမီးများအရေး အထူးပြုဥပဒေမူကြမ်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ အထောက်အကူပြုစာစောင်

၆။ CEDAW ကိုအပြည့်အဝလိုက်နာပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအားလုံးကို ပြစ်ဒဏ်ချမှတ်ရန်အတွက် တုံ့ပြန်မှုရှိသော ကျားမရေးရာ ဥပဒေမူဘောင်များ ရေးဆွဲရန် နှင့် ကျင့်သုံးရန်။

ညွှန်းကိန်း။ EVAW နှင့်ပတ်သက်သည့် ဥပဒေများ/စည်းမျဉ်း အသစ်များ /ပိုမို အားကောင်းလာသော ဥပဒေများ/စည်းမျဉ်းအရေအတွက်

၇။ ကျား၊မရေးရာ သမာရိုးကျပုံစံများ၊ ထိခိုက်နစ်နာစေသည့် ရိုးရာဓလေ့ထုံးတမ်းများနှင့် ဘာသာရေးအလေ့အကျင့်များ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု နှင့်ပတ်သက်သည့် အခြေခံအကြောင်းအရင်းများကို ဖြေရှင်းရန် တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများ ချမှတ်ပြီး အကောင်အထည်ဖော်ရန်။ ဤဆောင်ရွက်မှုများသည် အပြုသဘောဆောင်မှု၊ လေးစားမှုနှင့် အကြမ်းမဖက်သည့် အမျိုးသားဖြစ်တည်မှုကို အားပေးအထောက်အကူပြုသင့်သည်။

ညွှန်းကိန်း

(၁) တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများကို အကောင်အထည်ဖော်သော AMS

(၂) အကောင်အထည်ဖော်ခဲ့သည့် ဆောင်ရွက်မှုများ အရေအတွက်

၈။ အကြမ်းဖက်ခံရသူများ/ရှင်သန်ကျန်ရစ်သူများနှင့် တရားမျှတရေး စီမံခန့်ခွဲမှုကို ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်များ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ရပ်များကို ကျား၊မရေးရာအလေးထား သည့်အမြင်ဖြင့် ကိုင်တွယ်ဖြေရှင်းသော (gender-sensitive handling) ဝန်ဆောင်မှု ပေးသူများအတွက် စွမ်းဆောင်ရည်စံနှုန်းများအပေါ် SOP ပေါ်ထွက်ရေးအတွက် လမ်းညွှန်ချက်များ ရေးဆွဲရန်။

ညွှန်းကိန်း။ SOP လမ်းညွှန်ချက်များ ရေးဆွဲခဲ့ခြင်း။



အလွတ်သဘောဘာသာပြန်ဆိုချက်